# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၂၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၁၉၈)


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## အစိုးရအဖွဲ့အနေဖြင့် ယနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များအား ထည့်သွင်းပြောကြား



နေပြည်တော် မေ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍသည် အရေးကြီး**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် မိမိတို့အစိုးရအဖွဲ့၏ ပထမဆုံးအစည်းအဝေးဖြစ်ပြီး ငါးနှစ်တာကာလအတွက် လုပ်ဆောင်ရန်လိုအပ်သည်များကို ပြောကြားလိုကြောင်း၊ အဓိကအားဖြင့် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်အချိန်တွင် မီဒီယာများ၏မေးမြန်းမှုအပေါ် မိမိအနေဖြင့် ပြန်လည်ဖြေကြားရာ၌ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထား၍ ဦးစားပေးဆောင်ရွက်သွားမည်ဟုပြောကြားခဲ့ကြောင်း၊ အလားတူ ပြည်သူများအား မှာကြားလိုသည်ကိုမေးမြန်းခဲ့ရာ မိမိအနေဖြင့် တိုင်းပြည်စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေကြရန်နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❖

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

❝ မိမိတို့အစိုးရအဖွဲ့အနေဖြင့် တိုင်းပြည်အတွက် ကောင်းအောင် ဆောင်ရွက်ရာတွင် တစ်ဦးချင်း၏ ဖြတ်သန်းလာခဲ့သည့် အတွေ့အကြုံ များဖြင့် ပေါင်းစပ်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် ဖော်ဆောင်ပေး ❞




**ယနေ့ *ဇတ်စရာ***

သီးနှံများတွင် ဓာတ်မြေဩဇာအသုံးပြုမှု အစားထိုးနည်းပညာများ — ဆောင်းပါး — စာ ၆

မျိုး၊ မြေ၊ ရေ၊ နည်း လိုက်လျောညီ ပန်းတိုင်အထွက်နှုန်းဆီ — ဆောင်းပါး — စာ ၁၀

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်တွင်းထုတ် ဒီဇယ်ဆီများအား တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက် ဆက်လက်ရောင်းချပေးလျက်ရှိ — ပြည်တွင်းသတင်း — စာ ၁၅


**အမြင့်ဆုံး နေ့အပူချိန်များ** (၂၀ - ၄ - ၂၀၂၆)

| | | |
|---|---|---|
| မြင်းမူမြို့ | ၄၃ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ချောက်မြို့ | ၄၃ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၄၃ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံမြို့ | ၄၃ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မကွေးမြို့ | ၄၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေးမြို့ | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

❖ ရှေ့ဖုံးမှ

အလုပ်လုပ်ကြရန် တိုက်တွန်းလိုပါသည် ဟုပြန်လည်ဖြေကြားခဲ့ကြောင်း။

တိုင်းပြည် တည်ငြိမ်အေးချမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဆိုသည့် အချက်အပေါ်မူတည်၍ မိမိတို့အစိုးရအဖွဲ့ အနေဖြင့် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ နိုင်ငံတိုင်းရှိ ပြည်သူ ပြည်သားများအနေဖြင့် ၎င်းတို့၏အကျိုးကို ဖော်ဆောင်ပေးနိုင်မှုအပေါ် ကိုကြည့်၍ အစိုးရအဖွဲ့၏ တိုင်းပြည်အတွက် ဆောင်ရွက်မှုများကို ကြည့်ရှုကြခြင်းဖြစ်ကြောင်း၊ မိမိဦးဆောင်သည့် အစိုးရအဖွဲ့ကို ပါတီစုံ ဒီမိုကရေစီစနစ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်ရန်အတွက် တာဝန်ရှိကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မှုဆိုသည်မှာ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ၊ ပညာရေး ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ တိုးတက်မြင့်မားအောင် ဆောင်ရွက် ပေးနိုင်ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ရန်အတွက် တစ်ဦး ချင်း စီးပွားဘဝများတိုးတက်ရေး၊ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဝင်ငွေများရရှိအောင် ဆောင် ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ပညာရေးနှင့် ကျန်းမာရေးသည် အရေးကြီးကြောင်း။

မိမိတို့နိုင်ငံ၏ပညာရေးကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုပါက လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းဟူ၍ နှစ်ပိုင်းခွဲပြီးကြည့်နိုင်ကြောင်း၊ လွတ်လပ်ရေးမဆုံးရှုံးမီကာလက စနစ် တကျသင်ကြားသည့် ပညာရေးစနစ်အားနည်းခဲ့ကြောင်း၊ ထိုအချိန်တွင် အခြားနိုင်ငံများ၌ စနစ်တကျဖြင့်သင်ကြားသည့် ပညာရေးစနစ်ကို ကျင့်သုံးနေကြပြီဖြစ်ကြောင်း၊ လွတ်လပ်ရေးဆုံးရှုံးပြီးချိန် နောက်ပိုင်း တွင်လည်း လွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းနေရသဖြင့် ပညာ သင်ကြားမှုများ အားနည်းချက်ရှိခဲ့ကြောင်း၊ အလားတူ လွတ်လပ်ရေး ရရှိပြီးအချိန်တွင်လည်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှုနှင့် တိုင်းရင်း သားရေး ပြဿနာများကြောင့် ပြည်သူများ ပညာသင်ကြားရေးအတွက် အခက်အခဲများရှိခဲ့သဖြင့် ပညာရေးအားနည်းချက်များရှိခဲ့ကြောင်း။

ထို့ကြောင့် နောက်ပိုင်းတွင် ပညာမတတ်သူပပျောက်ရေးအတွက် “အ” သုံးလုံး လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရ ကြောင်း၊ ထိုအချိန်တွင် ကျောင်းနေရာခိုင်နှုန်းမှာလည်း နည်းပါးခဲ့ ကြောင်း၊ ကျောင်းပညာသင်ကြားရေးနှင့်ပတ်သက်၍ အဆိုပါအချိန် ကတည်းက လူများစုပညာရေးမှာ အားနည်းချက်များရှိခဲ့ကြောင်း၊ သို့သော် လူနည်းစုပညာရေးမှာ ကောင်းမွန်ခဲ့ပြီး နိုင်ငံတကာအဆင့်မီ သည့် ပညာရှင်များလည်း ထွက်ပေါ်ခဲ့ကြောင်း၊ ယခုအချိန်တွင်လည်း သက်ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်သည့် ပါရဂူဘွဲ့ရရှိသူ များအထိ များစွာရှိကြောင်း၊ အချို့ပါရဂူဘွဲ့များသည် ပြည်ပနိုင်ငံများ မှရရှိခြင်းမဟုတ်ဘဲ ပြည်တွင်း၌ပင်အောင်မြင်သည့် ပါရဂူများဖြစ်ကြ ကြောင်း၊ အလားတူ ပြည်ပနိုင်ငံများ၌ ပညာတော်သင်သွားရောက် ပြီး D.Sc ဘွဲ့ရရှိသူများလည်းရှိကြောင်း၊ ထို့ကြောင့် လူအများစုပညာ ရေးများ တိုးတက်လာစေရေးပညာရေးနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲ မှုများဆောင်ရွက်ပြီး မြှင့်တင်ပေးရန်လိုကြောင်း။

ယခင်က ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာမူလတန်းအဆင့် အား မသင်မနေရစနစ်ဖြင့် ဆောင်ရွက်ခဲ့သော်လည်း လူတိုင်းအခြေခံ ပညာမူလတန်း တက်ရောက်သင်ကြားမှုမရှိခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် တွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူ ရရှိခဲ့သည့် အချက်အလက်များအရ မိမိတို့နိုင်ငံ၏ ပညာရေးတွင် အားနည်းချက်များရှိသည်ကို တွေ့ရှိနိုင်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် မိမိ တို့တာဝန်ယူဆောင်ရွက်ချိန်တွင် KG+9 အထိ မသင်မနေရပညာရေး

❒ **ခေတ်အဆက်ဆက်တွင် စာသင်ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ခဲ့ကြသော်လည်း အချို့ အခြေခံပညာကျောင်းများသည် သတ်မှတ်ထားသည့် အဆင့်အလိုက် စံချိန်စံညွှန်းများ နှင့် ကိုက်ညီမှုမရှိကြသည်ကိုတွေ့ရပြီး အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အားကစားပြုလုပ်နိုင်ရန်အတွက် နေရာများရှိရန်လို၊ ထို့ကြောင့် အခြေခံ ပညာကျောင်းများအားလုံး သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ပြင်ဆင်ဆောင်ရွက်ပေးသွားကြရမည်**

စနစ်အဖြစ် ပြောင်းလဲခဲ့ကြောင်း၊ နိုင်ငံတော်၏ ပညာရေးကဏ္ဍတိုးတက် လာစေရေးအတွက် မိမိတို့အနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများကို ပညာရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍ တိုးတက်ရေးအတွက် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာ ငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍ များပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံး ပြုသွားမည်ဖြစ်ကြောင်း၊ လာမည့် ဘဏ္ဍာရေးနှစ်တွင်လည်း ပညာရေး ကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော်တွင် နိုင်ငံတော် ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမည်ဖြစ် ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလ အတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်း ပင်ဖြစ်ကြောင်း။

ပညာရေးအားနည်းချက်များကြောင့် အသိပညာများအားနည်းပြီး ကျန်းမာရေးသည်လည်း အားနည်းသည်ကိုတွေ့ရကြောင်း၊ အလားတူ အတတ်ပညာများအားနည်းခြင်းကြောင့်လည်း အလုပ်အကိုင်အခွင့် အလမ်းများရရှိမှုအားနည်းပြီး ဝင်ငွေနည်းပါးကာ အာဟာရပြည့်ဝ စွာစားသုံးနိုင်မှုမရှိသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်း သက်တမ်းသည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အားနည်းနေဆဲဖြစ်ကြောင်း၊ ထိုသို့ဖြစ်ရခြင်းများကို ပြန်လည်ဆန်းစစ်ကြည့်ပါက အဓိကအားဖြင့် စီးပွားရေးတိုးတက်မှု အားနည်းခြင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိခြင်းများမှ စတင်ခဲ့ သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြုပြင်ဆောင်ရွက် သွားကြရန်လိုကြောင်း။

အားကစားကဏ္ဍမြင့်မားလာရေးနှင့်ပတ်သက်၍ လူငယ်လူရွယ် များ၏ ကိုယ်လက်ကြံ့ခိုင်မှုများ တိုးတက်လာစေရေး ပညာသင်ကြား သည့်အရွယ်တွင် အခြေခံပညာကျောင်းများ၌ ကိုယ်လက်လှုပ်ရှားမှု များနှင့် အားကစားဆောင်ရွက်မှုများကို စနစ်တကျလုပ်ဆောင်နိုင် အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ လူငယ်လူရွယ် များ၏ စိတ်ဓာတ်၊ စည်းကမ်းများ ကောင်းမွန်လာစေရေးနှင့် ခံယူချက် များကောင်းမွန်လာစေရေးအတွက်လည်း ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျောင်းနေရာခိုင်နှုန်းများ မြင့်တက်လာစေရေး နှင့် တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေး ဆောင်ရွက်သွား ကြရန်လိုကြောင်း။

ခေတ်အဆက်ဆက်တွင် စာသင်ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ခဲ့ကြ သော်လည်း အချို့အခြေခံပညာကျောင်းများသည် သတ်မှတ်ထားသည့် အဆင့်အလိုက် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိကြသည်ကို တွေ့ရ ကြောင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အားကစားပြုလုပ်နိုင်ရန်အတွက် နေရာများရှိရန်လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများအားလုံး သတ်မှတ်ထားသည့် စံချိန်စံညွှန်း များနှင့်ကိုက်ညီအောင် ပြင်ဆင်ဆောင်ရွက်ပေးသွားကြရမည်ဖြစ် ကြောင်း၊ ထိုသို့ပြင်ဆင်ပေးမှုများကြောင့် လူငယ်များ၏ အခြေခံ စိတ်ဓာတ်များ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ **“အမျိုးသားစည်းကမ်း အစ စာသင်ကျောင်းက”** ဆိုသည့်အတိုင်း မျိုးချစ်စိတ်ဓာတ်ရှိသည့်၊ စည်းကမ်းကောင်းမွန်မှုရှိသည့် လူငယ်များကို အခြေခံပညာကျောင်း များမှ မွေးထုတ်ပေးသွားရန်လိုကြောင်း၊ နိုင်ငံ၏အနာဂတ်အတွက် အခြေခံပညာကျောင်းများမှစတင်၍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေးရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ အတွက် တန်ဖိုးအရှိဆုံးသော ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝိုင်းဝန်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာရေးအားနည်းမှုများကြောင့် အသိပညာအားနည်းမှုများ ဖြစ်ပေါ်လာသည့်အခါ နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်လာသည်ကို ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် တွေ့ရှိနိုင်ကြောင်း၊ ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ပေါ်ပေါက်လာခဲ့ပြီး ၎င်းတို့အနေဖြင့် ထိုအချိန်က ရွေးကောက်ပွဲရလဒ် အပေါ် ကျေနပ်မှုမရှိဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ အဆိုပါအခြေအနေသို့ရောက်ရှိလာခြင်းသည် မိမိတို့ နိုင်ငံ၏ ပညာရေးအားနည်းချက်ကိုအသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ နိုင်ငံရေးသမားများက ၎င်းတို့၏ အကျိုးအတွက် သွေးထိုးလှုံ့ဆော်၍ အသုံးချလုပ်ဆောင်ခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံ၏ပညာရေးကဏ္ဍကိုမြှင့်တင်၍ နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နေ စိတ်ထား (Mindset) ကို မြင့်မားလာအောင် ဆောင်ရွက်သွားရန် လိုကြောင်း။

အလားတူ ကျန်းမာရေးကောင်းမွန်ရန်အတွက် ပြည်သူများအနေဖြင့် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရန်လိုကြောင်း၊ ထိုသို့စားသုံးနိုင် ရန်အတွက် နေ့စဉ်ဝင်ငွေများ ရရှိနေရန်လိုကြောင်း၊ အလားတူ ဒေသ အလိုက် အသား၊ ငါးများကို ဖူလုံစွာဖြင့် ထုတ်လုပ်နေရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများ၊ တက္ကသိုလ်များကို ဖွင့်လှစ် သင်ကြားပေးနေခြင်းဖြစ်ကြောင်း။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍**
**အားလုံးက ကျယ်ကျယ်ပြန့်ပြန့်မြော်တွေးဆောင်ရွက်**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စီးပွား ရေးကောင်းမွန်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး နှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင် နေထိုင်ကြပြီး ၇၀ ရာခိုင်နှုန်းနီးပါးခန့်သည် ကျေးလက်တွင်နေထိုင် ကြကြောင်း၊ ထိုအထဲတွင် နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်ရေထွက်ကုန်လုပ်ငန်းများကို လုပ်ဆောင်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိ တို့နိုင်ငံ၏ ဆင်းရဲမွဲတေမှုမှာ ဒေသတွင်းနိုင်ငံများတွင် မြင့်မားသည်ဟု ထုတ်ပြန်ချက်များအရ သိရှိရကြောင်း၊ ထိုအထဲတွင် ကျေးလက်နေ ပြည်သူများ၏ ဆင်းရဲမွဲတေမှု ပိုမိုများပြားသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေး ကိုမြှင့်တင်ဆောင်ရွက်ပေးမှသာ ၎င်းတို့၏ ဝင်ငွေများတိုးတက်လာပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း၊ သို့မှသာ ဆင်းရဲ မွဲတေမှုရာခိုင်နှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွား ရေးကို မြှင့်တင်ပေးရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးသွားရန်လိုကြောင်း။

❍ **ပညာရေးအားနည်းမှုများကြောင့် အသိပညာအားနည်းမှုများ ဖြစ်ပေါ်လာသည့်အခါ နိုင်ငံရေးပြဿနာ များဖြစ်ပေါ်လာသည်ကို ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် တွေ့ရှိနိုင်၊ ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများပေါ်ပေါက်လာခဲ့ပြီး ၎င်းတို့အနေဖြင့် ထိုအချိန်က ရွေးကောက်ပွဲရလဒ်အပေါ်ကျေနပ်မှုမရှိဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြခြင်းဖြစ်၊ အဆိုပါ အခြေအနေသို့ ရောက်ရှိလာခြင်းသည် မိမိတို့နိုင်ငံ၏ ပညာရေးအားနည်းချက်ကိုအသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ နိုင်ငံရေးသမားများက ၎င်းတို့၏ အကျိုးအတွက် သွေးထိုးလှုံ့ဆော်၍ အသုံးချလုပ်ဆောင်ခဲ့ ကြခြင်းကြောင့်ဖြစ်၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ပညာရေးကဏ္ဍကိုမြှင့်တင်၍ နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နေစိတ်ထား(Mindset) ကို မြင့်မားလာအောင် ဆောင်ရွက်သွားရန်လို**

*စာမျက်နှာ ၄ သို့*

❖ **MSME လုပ်ငန်းများ တိုးတက်စေရေးအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို နိုင်ငံတော်မှ ထုတ်ချေးပေးလျက်ရှိပြီး လိုအပ်သည့်ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိ**

❖ **MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိစေရေးအတွက်လည်း သိပ္ပံကျောင်းများမှတစ်ဆင့် သင့်တော်သည့် သိပ္ပံကျောင်းများကို တက္ကသိုလ်၊ ကောလိပ်အဆင့်မြှင့်တင်ခြင်းနှင့် တက္ကသိုလ်များ၊ Polytechnic သိပ္ပံများနှင့် တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိ**

*စာမျက်နှာ ၃ မှ*

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များရရှိရေးအတွက် အခြေခံပညာအလယ်တန်းများတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံဘာသာရပ်များသင်ကြားရေးကိုဆောင်ရွက်သွားမည်ဖြစ်ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်၌လည်း လူသားအရင်းအမြစ်ကောင်းများ ရရှိရေးနှင့်ပတ်သက်၍ အလေးထားပြီး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်ပစ္စည်းများရရှိရမည်ဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်သကဲ့သို့ ပြည်ပပို့ကုန်များ တိုးမြှင့် ရရှိစေနိုင်ကြောင်း၊ ထုတ်ကုန်များကို ပိုမိုတင်ပို့နိုင်ခြင်းဖြင့် ပြည်ပဝင်ငွေများစွာ ရရှိနိုင်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုကို မဖြစ်မနေမြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်၌လည်း ဒေသအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း။

စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ သွင်းအားစုများတွင် လိုအပ်သည့် ရေများ လုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းစီမံကိန်းများကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံ့အကျိုးအတွက်ဆောင်ရွက်ရမည့် စီမံကိန်းကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်ချိန်တွင် ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများသည် များစွာအရေးပါကြောင်း၊ အလားတူ သမဝါယမစနစ်ဖြင့် ကုန်ထုတ်လုပ်မှုများကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ MSME လုပ်ငန်းများကို သမဝါယမစနစ်ဖြင့် ဆောင်ရွက်၍ ရသကဲ့သို့ တစ်ဦးချင်းအနေဖြင့်လည်း ဆောင်ရွက်နိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစုများနှင့် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကုန်ကြမ်းများကို ပြည်ပမှဝယ်ယူ၍ ဆောင်ရွက်ခြင်းထက် ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် MSME လုပ်ငန်းများကို လေ့လာကြည့်မည်ဆိုပါက ဒေသတွင်းကုန်ကြမ်းများကို အသုံးပြုဆောင်ရွက်သည့် MSME လုပ်ငန်းများသည် ပိုမိုတိုးတက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ တိုးတက်စေရေးအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများကို နိုင်ငံတော်မှ ထုတ်ချေးပေးလျက်ရှိပြီး လိုအပ်သည့်ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိစေရေးအတွက်လည်း သိပ္ပံကျောင်းများမှတစ်ဆင့် သင့်တော်သည့် သိပ္ပံကျောင်းများကို တက္ကသိုလ်၊ ကောလိပ်အဆင့်မြှင့်တင်ခြင်းနှင့် တက္ကသိုလ်များ၊ Polytechnic သိပ္ပံများနှင့် တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းစေနိုင်မည့် Quick Win များကို မိမိတို့အနေဖြင့် ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ အဓိကအရေးကြီးသည်မှာ အလုပ်လုပ်ရန်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များအနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးသွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးဖြစ်ထွန်းပြီး ဝါကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းသည် စဉ်ဆက်မပြတ်သည့် ကွင်းဆက်ကုန်ထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုဖြစ်ပေါ်စေနိုင်သည့် စက်မှုကုန်ထုတ်လုပ်ငန်းပင်ဖြစ်ကြောင်း၊ ဝါထွက်ကုန်များမှတစ်ဆင့် ဝါ၊ ဝါဂွမ်း၊ ချည်မျှင်၊ အထည်အလိပ်လုပ်ငန်းများအထိ အဆင့်ဆင့်သော အလုပ်အကိုင်အခွင့်အလမ်းနှင့် ကုန်ထုတ်လုပ်မှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ အလားတူ သယံဇာတအများအပြားရှိပြီးဖြစ်သည့် ဝါး၊ ရော်ဘာတို့ကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ အလားတူ သရက်၊ ဒူးရင်း၊ ကြက်မောက်၊ ငှက်ပျောပ(?)

ကြက်မောက်၊ ငရုတ်ကောင်း၊ ကျွဲကောတို့အပါအဝင် ဥယျာဉ်ခြံထွက်သီးနှံများကိုလည်း မိမိတို့အနေဖြင့် အဆင့်မြင့်ကုန်ထုတ်သီးနှံများအဖြစ်ထုတ်လုပ်နိုင်အောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်ကျသည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသအတွက် လိုအပ်သည့် စားသောက်ကုန်များ ဖူလုံစွာရရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းစားသုံးမှု ဖူလုံမှုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးဖူလုံရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက အသား၊ ငါးများ၏ ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် သွားလာရေးခက်ခဲသည့်ဒေသများသို့ ရောက်ရှိစဉ် ဒေသခံများနှင့်တွေ့ဆုံ၍ အသား၊ ငါးများဈေးနှုန်းကြီးမြင့်ရခြင်းနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ရာ ၎င်းတို့အနေဖြင့် ဒေသတွင်း၌ မွေးမြူရေးလုပ်ငန်းများအား ပြင်ပမှတိရစ္ဆာန်အစာများဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေရသဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ဖြစ်သည်ကို သိရှိခဲ့ရကြောင်း၊ ၎င်းတို့အနေဖြင့် ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပြောင်း၊ ဆန်ကွဲ၊ ဖွဲတို့ကိုအခြေခံသည့် တိရစ္ဆာန်အစာများကိုထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်ဖြစ်ကြောင်း၊ ယေဘုယျအားဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားမမျှတခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားခြင်းတို့ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ရခြင်း ဖြစ်ကြောင်း။

ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်နည်းပညာခေတ်ဖြစ်သဖြင့် နိုင်ငံတကာမျက်နှာစာတွင် ခေတ်နောက်ကျမကျန်ခဲ့စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အခြေခံလူတန်းစားများ ပညာရည်မြင့်မားစေရေး၊ ပညာရည်မြင့်မားသူများအနေဖြင့် အိုင်တီနည်းပညာနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် မိမိတို့၏လုပ်ဆောင်ချက်များအပေါ်တွင် အားပေးထောက်ခံကြသူများရှိသကဲ့သို့ ဝေဖန်ထောက်ပြပြောဆိုမည့် အတိုက်အခံများသည်လည်း ရှိလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးအတွက် အမှန်တကယ် ကြိုးပမ်းအလုပ်လုပ်ကြရန်၊ အဂတိကင်းစွာဖြင့် လုပ်ဆောင်ကြရန်လိုကြောင်း။

### တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်နိုင်မည်

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံ၏ အချို့သောနေရာဒေသများတွင် အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို ကျူးလွန်နေကြသည်ကိုတွေ့ရှိရပြီး အများစုအနေဖြင့် ဆက်ကြေးများ၊ ဂိတ်ကြေးများတောင်းခံခြင်း၊ ဒေသအလိုက်မှထွက်ရှိသည့် သစ်တောသယံဇာတများ၊ မြေပေါ်မြေအောက် သယံဇာတများကို တရားမဝင်ထုတ်ယူ၍ ၎င်းတို့ ကိုယ်ကျိုးအတွက် အသုံးပြုနေကြကြောင်း၊ ၎င်းတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုရလဒ်များအရ ဖြစ်ပေါ်လာသည့် နိုင်ငံရေးပြဿနာကိုနိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်အကြမ်းဖက်သည့် နည်းလမ်းကို ရွေးချယ်ခဲ့ရာမှ ပေါ်ပေါက်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဒီမိုကရေစီနည်းလမ်းတကျပေါ်ပေါက်လာသည့် ရွေးချယ်ခံအစိုးရအနေဖြင့် နိုင်ငံတော်တွင် တာဝန်ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာစေရေး ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### အစိုးရအဖွဲ့အနေဖြင့် ယနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များ

ထို့နောက် နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့ ရက်ပေါင်း ၁၀၀ နှင့်ပတ်သက်၍ ဦးစားပေးဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ပြောကြားရာတွင် **“ရက် ၁၀၀ ဆိုတော့ ဒီနေ့က ၂၀ ရက်ပေါ့၊ မှတ်ရလွယ်ပါတယ်။ ဇူလိုင်လ ၃၁ ရက်နေ့က ရက် ၁၀၀ လို့ သတ်မှတ်လိုက်ပေါ့။ ဇူလိုင် ၃၁ ရက်နေ့နောက်ဆုံးထားပြီးတော့ ရက် ၁၀၀ နဲ့ ပတ်သက်ပြီး ကျွန်တော် နည်းနည်းပြောချင်ပါတယ်။ ခုနကပြောတဲ့ PDF နဲ့ ပတ်သက်ပြီးတော့ PDF ကတော့ ကျွန်တော်တို့ ဒီတွေ့ဆုံဆွေးနွေးခြင်းနဲ့ငြိမ်းချမ်းရေးအတွက် အလင်းဝင်ဖို့လည်း ပြောထားတာရှိပါတယ်။ အခုလည်း အလင်းဝင်တာတွေ အများကြီးရှိပါတယ်။ လပခ နယ်မြေတို့၊ တပခနယ်မြေတို့ဆိုရင် အလင်းဝင်ကြတာတွေအများကြီးပဲရှိတယ်။ လပခကတော့ ပိုများတာပေါ့၊ ရာနဲ့ချီပြီးတော့ ဝင်ကြတယ်။ ဒါထက်လည်း လာဖို့အတွက် သူတို့တောင်းဆိုနေတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့က ကြိုဆိုပါတယ်။ PDF နဲ့ပတ်သက်ပြီးတော့ ရက်ပေါင်း ၁၀၀ အတွင်းမှာလာပြီးတော့ ငြိမ်းချမ်းရေးအတွက် လာကြပါ။**

**EAO နဲ့ပတ်သက်ပြီးတော့ နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းထဲမှာ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေရှိတယ်။ NCA လက်မှတ်ရေးထိုးထားခြင်းမပြုတဲ့အဖွဲ့တွေရှိတယ်။ အဲဒီတော့ ကျွန်တော်နှစ်ဖွဲ့လုံးကို ဖိတ်ခေါ်ပါတယ်။ NCA နဲ့ပတ်သက်တဲ့ ငြိမ်းချမ်းရေး လက်မှတ်မရေးထိုးထားတဲ့အဖွဲ့တွေကိုလည်း ဖိတ်ခေါ်ပါတယ်။ ဇူလိုင် ၃၁ ရက်နေ့မတိုင်မီမှာ တွေ့ဆုံဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။ ဒါလက်မှတ်မရေးထိုးထားတဲ့ အဖွဲ့ပေါ့။ မနက်ဖြန်ကျရင်လည်း ကျွန်တော်တို့ကြေညာချက်တွေထုတ်မှာဖြစ်ပါတယ်။ ဒါလေးကြိုပြီး ကျွန်တော်ပြောပါတယ်။**

*စာမျက်နှာ ၅ သို့*

**❝ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးဖြစ်ထွန်းပြီး ဝါကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းသည် စဉ်ဆက်မပြတ်သည့် ကွင်းဆက်ကုန်ထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖြစ်ပေါ်စေနိုင်သည့် စက်မှုကုန်ထုတ်လုပ်ငန်းပင်ဖြစ်၊ ဝါထွက်ကုန်များမှတစ်ဆင့် ဝါ၊ ဝါဂွမ်း၊ ချည်မျှင်၊ အထည်အလိပ်လုပ်ငန်းများအထိ အဆင့်ဆင့်သော အလုပ်အကိုင်အခွင့်အလမ်းနှင့် ကုန်ထုတ်လုပ်မှုများကို ဖြစ်ပေါ်စေနိုင်၊ အလားတူ သရက်၊ ဒူးရင်း၊ ကြက်မောက်၊ ငရုတ်ကောင်း၊ ကျွဲကောတို့အပါအဝင် ဥယျာဉ်ခြံထွက်သီးနှံများကိုလည်း မိမိတို့အနေဖြင့် အဆင့်မြင့်ကုန်ထုတ်သီးနှံများအဖြစ် ထုတ်လုပ်နိုင်အောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည် ❞**

*စာမျက်နှာ ၄ မှ*

**နောက်တစ်ခုက လက်မှတ်ရေးထိုးထားတာပေါ့၊ လက်မှတ်ရေးထိုးထားပြီးတော့မှ ဒီ ငါးနှစ်အတွင်းမှာ တွေ့ဆုံခြင်းမပြုတဲ့အဖွဲ့တွေရှိတယ်။ ဥပမာအားဖြင့် – KNU တို့၊ CNF တို့၊ ABSDF တို့ အဖွဲ့တွေကို ကျွန်တော်တို့ဖိတ်ခေါ်ပါတယ်။ ဘာလုပ်ချင်လဲ ဆွေးနွေးဖို့တော့ ကျွန်တော်တို့ EAO တွေကို ဖိတ်ခေါ်ပါတယ်။ နောက်လက်မှတ်ရေးထိုးထားပြီးတော့မှ သဘောတူညီချက် ယူထားတာတွေရှိတယ်။ ဥပမာအားဖြင့် ၄၃ ချက် သဘောတူညီထားတာရှိတယ်။ NCA လက်မှတ်ရေးထိုးပြီးတော့မှ ဆွေးနွေးခဲ့တဲ့အထဲမှာ Union Accord ရထားတဲ့ သဘောတူညီချက်တွေရှိတယ်။ အဲဒါကိုလည်း လာမယ့် ပြည်ထောင်စုလွှတ်တော်တွေမှာ တင်ပြပြီးတော့ အပိုင်းလိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခုနကပြောတဲ့ တွေ့ဆုံဆွေးနွေးခြင်းမပြုရသေးတဲ့ အဖွဲ့တွေလည်း တွေ့ဆုံဆွေးနွေးဖို့အတွက် ဇူလိုင်လ ၃၁ ရက်နောက်ဆုံးထားပြီးတော့ ဆွေးနွေးဖို့အတွက် ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးလိုချင်ပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိရင် ဖွံ့ဖြိုးရေးကိစ္စဆိုတာ ဘာမှလုပ်လို့မရဘူး။ ငြိမ်းချမ်းရေးလုပ်မှသာ၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းက လုပ်လို့ရတယ်။ ရှေ့က တည်ဆောက်ရေးလုပ်ငန်းလုပ်သွားနောက်က အဖျက်လုပ်ငန်းတွေ ပါလာလို့ရှိရင် သမင်မွေးရင်း၊ ကျားစားရင်း ဆိုသလိုဖြစ်နေမှာပေါ့။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးမှာလည်း မဖြစ်နိုင်တာတွေ လျှောက်တောင်းဆိုပြီးတော့မှ ကိုယ့်အဖွဲ့အစည်းတည်တံ့ခိုင်မြဲရေးအတွက် လုပ်နေတယ်ဆိုလို့ရှိရင်တော့ မှားသွားမယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်သင့်လုပ်ထိုက်တာတွေကိုတော့ နိုင်ငံတော်အနေနဲ့လည်း လုပ်ရမှာတွေ ရှိလာပါလိမ့်မယ်။ ဒါကြောင့် EAO တွေမှာလည်း NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေရော၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုတဲ့ အဖွဲ့တွေရော ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ ဖိတ်ခေါ်ပါတယ်။ ဇူလိုင် ၃၁ ရက်နေ့မတိုင်မီမှာ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ပါမယ်။ ဒီလိုပဲ PDF နဲ့ပတ်သက်လို့ရှိရင်လည်း ဒီကာလအတွင်းမှာ ဥပဒေဘောင်အတွင်းဝင်လာကြဖို့ ဖိတ်ခေါ်ပါတယ်။ နိုင်ငံရေးအရလည်း ဘာမှခိုင်လုံတဲ့ အကြောင်းပြချက်မဟုတ်ပါဘူး။ အဖွင့်မှာပြောခဲ့သလိုပဲ အသုံးချခံနေရလို့သာ ဖြစ်နေကြတာပဲဖြစ်ပါတယ်။ ဒါကြောင့် အသုံးချမခံရအောင်နေကြဖို့ ပြောလိုပါတယ်”** ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့အနေဖြင့်ယနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများကို ချေးငွေနှုန်းထား တိုးမြှင့်ရေးစီမံချက်အနေဖြင့် ချေးငွေများတိုးမြှင့်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် စပါး၊ ဂျုံ၊ ချည်မျှင်ရှည်ဝါတို့နှင့်ပတ်သက်၍ သုံးသိန်းအထိလည်းကောင်း၊ အခြားသီးနှံ ၁၈ မျိုးကို နှစ်သိန်းခွဲအထိလည်းကောင်း၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော်တို့နှင့်ပတ်သက်၍ တစ်သိန်းခွဲအထိလည်းကောင်း တိုးမြှင့်ချေးပေးသွားမည်ဖြစ်ကြောင်း၊ အလားတူလယ်ယာသုံးစက်ကိရိယာချေးငွေနှင့်ပတ်သက်၍ ကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍာပေးမည်ဖြစ်ပြီး ကျပ်သိန်း ၃၀၀၀ အထက်ဖြစ်ပါက တစ်ကဏ္ဍာပေးမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ အနီးစခန်းလေဆိပ်အဆင့်မြှင့်တင်ခြင်းကို ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပို့ကုန်နှစ်ဆတိုးမြှင့်ရေးနှင့် ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေဖြင့် သိုလှောင်ရုံများကို ဦးစားပေးအနေဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ရထားလမ်းများ ကောင်းမွန်ရေးအတွက် ရထားလမ်းများအားလုံးကို တတ်နိုင်သရွေ့အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ပြီး လတ်တလောတွင် ရန်ကုန်–မန္တလေးလမ်း၊ ရန်ကုန်–မော်လမြိုင်လမ်း၊ ရန်ကုန်–ပြည်လမ်းတို့ကို အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ မြစ်ကြီးနား – မိုးကောင်း – မိုးညှင်း ရထားလမ်း၌လည်း တံတားပြင်ဆင်ခြင်းများ၊ လမ်းပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရထားလမ်းများအပြင် ရထားစက်ခေါင်းများ၊ တွဲများ၊ စက်ရုံများ အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ မိုဘိုင်းစခန်းအသစ် ၂၇ ခုကို ယခုရက် ၁၀၀ အတွင်း တိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း၊ မိုဘိုင်း စခန်း ၉ ခု၌ 4G LTE အဆင့်သို့ မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်း၊ ဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် သုတေသနစွမ်းရည်မြှင့်တင်သည့် ရှေ့ပြေးတက္ကသိုလ်များကို တည်ဆောက်ပေးသွားမည်ဖြစ်ပြီး အဓိကအားဖြင့် Nay Pyi Taw State Academy ၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့တွင် Research and Activation များကို ရှေ့ပြေးတက္ကသိုလ်များအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့် ၂၀၂၆–၂၀၂၇ ပညာသင်နှစ်မှစ၍ အလယ်တန်းပညာအဆင့်တွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များကို ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့နီတိနှင့် စာရိတ္တပညာရပ်များကိုလည်း အခြေခံပညာကျောင်းများတွင် အဓိကအနေဖြင့် လူငယ်များ အကျင့်စာရိတ္တမြင့်မားစေရေးအတွက် ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ဗလငါးတန်နှင့် ပြည့်ဝသည့် ကျောင်းများဖြစ်စေရေးအတွက် အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football for School Program ကိုလည်း အားကစားရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်တို့နှင့် ပေါင်းစပ်၍ ရက်ပေါင်း ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ ကျောင်းများ၌ Pilot Project အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူကြိုကျောင်းများကို အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ၅၀ တွင် ဒုတိယကျန်းမာရေးဦးစီးမှူးများ ခန့်အပ်၍ ကျန်းမာရေးမြှင့်တင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့ရှိ နှလုံးဆေးကုသရေးဌာနများတွင် လူနာတစ်သိန်းအတွက် နှလုံးရောဂါကာကွယ်ရေးအန္တရာယ်အကဲဖြတ်ပေးသည့် ဆေးကုသမှုများကို တရုတ်နိုင်ငံနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သူနာပြုကျောင်းများကိုလည်း သူနာပြုသိပ္ပံများ အဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ အခြားကဏ္ဍပေါင်းစုံ တိုးတက်ရေးအတွက်လည်း မိမိတို့အနေဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် တိုင်းပြည်အတွက်ကောင်းအောင် ဆောင်ရွက်ရာတွင် တစ်ဦးချင်း၏ဖြတ်သန်းလာခဲ့သည့် အတွေ့အကြုံများဖြင့်ပေါင်းစပ်၍ အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ တိုင်းပြည်အတွက် ကောင်းအောင်ဆောင်ရွက်သွားကြမည်ဟူသည့် စိတ်ဖြင့် ကြံ့စည်လုပ်ကိုင်ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အထွေထွေဆွေးနွေးတင်ပြကြရာတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ်တို့က ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြသည့် အမှာစာများ၊ MoU ၊ MoA စာချုပ်များ၊ တင်ဒါခေါ်ယူခြင်းများနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ အသက် ၁၀ နှစ်ပြည့်ကလေးငယ်များအား နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေးမည့်အခြေအနေ၊ eID စာရင်းအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေနှင့် ဧရာဝတီမြစ်ဆုံ အသိပညာပေးရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ အမှာစာများတင်ပြရာတွင် အချက်အလက်များ ခိုင်ခိုင်မာမာ တင်ပြကြရန်လိုကြောင်း၊ တင်ဒါများခေါ်ယူရာတွင်လည်း သတ်မှတ်ထားသည့် အရည်အသွေးစံချိန်စံညွှန်းကိုက်ညီရန်နှင့် အချိန်ကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျနေသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ဦးစားပေးပြီး ထူထောင်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများအပြင် သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခများကြောင့် ထိခိုက်ပျက်စီးခဲ့ရသော အစိုးရအဆောက်အအုံ၊ လမ်း၊ တံတား၊ ဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို ပြန်လည်ထူထောင်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ငလျင်ကြောင့် ပျက်စီးသွားသည့် နိုင်ငံ့ဝန်ထမ်း အိမ်ရာအဆောက်အအုံများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်းနှင့် နိုင်ငံတော်၏ဘဏ္ဍာငွေများကို အလေအလွင့်မရှိ ထိထိရောက်ရောက် အကျိုးရှိအောင် စနစ်တကျသုံးစွဲသွားကြရန်လိုကြောင်း မှာကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပေါ် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း ထပ်ဆင့်ရှင်းလင်း

**နေပြည်တော် မေ ၂၀**

လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက နိုင်ငံတော်သမ္မတ၏မိန့်ခွန်းအပေါ် ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းထဲ ထည့်သွင်းပြောကြားရာတွင် လူငယ်ကဏ္ဍနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရန်အတွက် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ လူ့စွမ်းအားအရင်းအမြစ်များ အများအပြားလိုအပ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေနိုင်သည့် လူငယ်များ အများအပြားရှိပါကြောင်း၊ လူငယ်များဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာအဆင့်မီပညာရေးရရှိပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မဏ္ဍိုင်ထားရမည်ဖြစ်၍ ပညာရည်မြင့်မားအောင် ပညာရေးကဏ္ဍကို ဝိုင်းဝန်းမြှင့်တင်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ပါကြောင်း၊ ပညာနိမ့်သူများ၊ ပညာမဲ့သူများ၊ အသိပညာနိမ့်ကျသူများနှင့် နိုင်ငံကို တည်ဆောက်၍မရနိုင်ပါကြောင်း၊ လူငယ်များသည် နိုင်ငံ၏အနာဂတ်၊ နိုင်ငံ၏အင်အား၊ နိုင်ငံကို တည်ဆောက်မည့်သူများဖြစ်၍ လူငယ်ကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

လူငယ်ကဏ္ဍမြှင့်တင်ပေးမည်ဆိုလျှင် မျိုးဆက်အလိုက် တိုးတက်ပြောင်းလဲအောင်လုပ်ရမည်ဖြစ်သည့်အတွက် အချိန်ယူရမည်ဖြစ်ပါကြောင်း၊ အစကတည်းက စနစ်တကျနှင့် အခြေခံကောင်းရန်လိုပါကြောင်း၊ ထို့အပြင် အသက်အရွယ်၊ အဆင့်အတန်းအလိုက် ရှိသင့်ရှိထိုက်သည့် အတွေးအခေါ်၊ အယူအဆ၊ ဆင်ခြင်သုံးသပ်မှုနှင့် ဆင်ခြင်တုံတရားပြည့်ဝသည့် လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြရမည့် လူငယ်များကို အထူးအလေးထားပြီး လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအပြင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ တက်တက်ကြွကြွပူးပေါင်းပါဝင်လာစေရန်နှင့် လူငယ်ရေးရာကဏ္ဍများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် ပြောင်းလဲပြင်ဆင်၍ အသစ်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဖွံ့ဖြိုးစေရေးအတွက် စာသင်ကျောင်းများတွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ကွန်ပျူတာနှင့် ဘာသာစကားသင်တန်းများ၊ ကင်းထောက်နှင့် ကြက်ခြေနီသင်တန်းများအပြင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာသင်တန်းများကိုလည်း ဆက်စပ်ဝန်ကြီးဌာနများနှင့်ပူးပေါင်းပြီး သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ဗလငါးတန်နှင့်ပြည့်ဝပြီး အရည်အသွေးမြင့်မားသည့် လူငယ်များ ပေါ်ထွက်လာစေရန် မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ လုပ်ဆောင်နိုင်သည့် စွမ်းအားများဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ပျော်ရွှင်စွာ အလုပ်လုပ်ရင်း ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မြန်မာနှစ်သစ်ကူးအခါသမယတွင် နှစ်သစ်ကူးအလှူအဖြစ် ဘုရားဆင်းတုတော်နှင့် ဘုရားကျောင်းဆောင် ၅၀ တို့ကို အရာထမ်း၊ အမှုထမ်းများအား ဘုရားမဲဖောက်ပေးခြင်းများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သီးနှံများတွင် ဓာတ်မြေဩဇာအသုံးပြုမှု အစားထိုးနည်းပညာများ


**တောင်သူဦးကြီးများ၏ သီးနှံစိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာ အစားထိုးသုံးစွဲမှုနည်းပညာများစွာရှိသည့်အနက် နည်းပညာအသစ်တစ်ခုအနေဖြင့် ဇီဝမြေဩဇာများ အသုံးပြုခြင်းအကြောင်းကို ရေးသားဆွေးနွေးလိုပါသည်။**

*မောင်ပြေ (ဆင်ပေါင်ဝဲ)*

**အဏုဇီဝမြေဩဇာများ အကြောင်း**

ယနေ့ခေတ် စိုက်ပျိုးရေးကဏ္ဍတွင် ဓာတုမြေဩဇာများ အလွန်အကျွံသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော ဂေဟစနစ်နှင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများသည် ရေရှည်တွင် မတည်တံ့နိုင်တော့သည့် စိုက်ပျိုးမွေးမြူရေးအခြေအနေသို့ ရောက်ရှိလာပါသည်။ ယခုဓာတ်မြေဩဇာများ ဈေးနှုန်းကြီးမြင့်မှုကြောင့် ယင်းတို့ကို အသုံးလျှော့ပြီး **သီးနှံပင်များ အထွက်မလျော့စေရေး** အခြားနည်းလမ်းများကို ပြောင်းလဲအသုံးပြုရန် လိုအပ်လာပါသည်။

ဇီဝမြေဩဇာဆိုသည်မှာ အကျိုးပြုအဏုဇီဝပိုးများ ပါဝင်သော သဘာဝပစ္စည်းများဖြစ်ပြီး မြေဆီလွှာ၏ သဘာဝဖြစ်စဉ်များကို ပြန်လည်ကောင်းမွန်စေကာ သီးနှံအထွက်နှုန်းကို မြှင့်တင်ပေးနိုင်သည့် အဓိက ဖြေရှင်းချက်တစ်ခု ဖြစ်လာပါသည်။ ဤဇီဝမြေဩဇာများသည် လေထုထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူပေးခြင်း၊ မြေကြီးအတွင်းရှိ မပျော်ဝင်နိုင်သော အာဟာရဓာတ်များကို ပျော်ဝင်စေခြင်း၊ ဖော့စဖော့ရပ်ဓာတ်များ စုပ်ယူပေးနိုင်ခြင်း၊ အပင်များ၏ ရောဂါဒဏ်နှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ကို မြှင့်တင်ပေးခြင်းတို့ကို လုပ်ဆောင်ပေးနိုင်ပါသည်။




အဏုဇီဝမြေဩဇာများ အလုပ်လုပ်ပုံ။

**ဇီဝမြေဩဇာများ၏ အမျိုးအစားနှင့် လုပ်ဆောင်ချက်များ**

ဇီဝမြေဩဇာများကို ယင်းတို့ လုပ်ဆောင်ပေးသော အဓိက အာဟာရဓာတ်အလိုက် ခွဲခြားနိုင်ပါသည်။ အဓိကအားဖြင့် ဗက်တီးရီးယားများ၊ မှိုများ၊ ရေမှော်များနှင့် အက်တီးနိုမိုင်ဆီးတီးစ် (Actinomycetes) များ ပါဝင်တတ်ကြပါသည်။

**ဇီဝမြေဩဇာအမျိုးမျိုး**

| လုပ်ဆောင်ချက် အမျိုးအစား | အကျိုးပြု အဏုဇီဝပိုးများ | အဓိက လုပ်ဆောင်ချက် | ရရှိသော အကျိုးကျေးဇူး |
|---|---|---|---|
| အမြစ်ဖု နိုက်ထရိုဂျင်ဖမ်းပိုး (ရိုက်ဇိုဘီယမ်၊ ဘရာဒီရိုက်ဇိုဘီယမ်) | *Rhizobium, Bradyrhizobium* | ပဲမျိုးရင်းအပင်များတွင် အမြစ်ဖုဖြစ်စေပြီး လေထုနိုက်ထရိုဂျင်ကို ဖမ်းယူပေးနိုင် | နိုက်ထရိုဂျင် |
| လွတ်လပ်စွာနေ နိုက်ထရိုဂျင်ဖမ်းပိုး | *Azotobacter, Clostridium* | မြေဆီလွှာထဲတွင် လွတ်လပ်စွာ နေထိုင်ပြီး နိုက်ထရိုဂျင်ဖမ်းယူခြင်းနှင့် ဟော်မုန်းထုတ်ပေးခြင်း | နိုက်ထရိုဂျင်၊ အပင်ကြီးထွားမှု ဟော်မုန်း |
| အမြစ်ပူးတွဲ နိုက်ထရိုဂျင်ဖမ်းပိုး | *Azospirillum* | အမြစ်မျက်နှာပြင်တွင် ကပ်တွဲနေထိုင်ပြီး နိုက်ထရိုဂျင်ဖမ်းယူခြင်း | နိုက်ထရိုဂျင်၊ အမြစ်ကြီးထွားမှု |
| ဖော့စဖော့ရပ် ပျော်ဝင်စေသောပိုး (PSB) | *Bacillus megaterium, Pseudomonas* | အော်ဂဲနစ်အက်စစ်များ ထုတ်ပေးခြင်းဖြင့် ဖော့စဖော့ရပ်ကို ပျော်ဝင်စေခြင်း | ဖော့စဖော့ရပ် (P) |
| ဖော့စဖော့ရပ် စုပ်ယူမှုမြှင့်တင် ပေးသော မှို | *Arbuscular Mycorrhizal Fungi (AMF/VAM)* | မှိုမျှင်ကွန်ရက်များမှတစ်ဆင့် ဝေးလံသောနေရာရှိ ဖော့စဖော့ရပ်နှင့် ဇင့်တို့ကို စုပ်ယူပေးခြင်း | ဖော့စဖော့ရပ်၊ ဇင့်၊ ရေ |
| ပိုတက်ဆီယမ် ဖော်ဆောင်ပေးသော ပိုး | *Bacillus mucilaginous* | ကျောက်တွင်းထွက်ပစ္စည်းများမှ ပိုတက်ဆီယမ်ကို ထုတ်ပေးခြင်း | ပိုတက်ဆီယမ် (K) |
| ဇင့်နှင့်အဏုအာဟာရ ပျော်ဝင်စေသောပိုး | *Acinetobacter, Pseudomonas* | အော်ဂဲနစ်အက်စစ်များဖြင့် ဇင့်နှင့် သံဓာတ်ကို ပျော်ဝင်စေခြင်း | ဇင့်၊ သံဓာတ်၊ မန်းဂနိစ် |
| ရောဂါကာကွယ်ရေး နှင့် ကြီးထွားမှု မြှင့်တင်ရေးမှို | *Trichoderma spp.* | ရောဂါဖြစ်စေသော မှိုများကို ပြန်လည် တိုက်ခိုက်ခြင်းနှင့် အပင်၏ ခုခံအားကို မြှင့်တင်ပေးခြင်း | ရောဂါနှိမ်နင်းရေး၊ ကြီးထွားမှု |

အဆိုပါ အဏုဇီဝပိုးများသည် အမြစ်ဝန်းကျင် မြေလွှာအတွင်း အဓိက လှုပ်ရှားကြပြီး မြေဆီလွှာ၏ တည်ဆောက်ပုံနှင့် ရေထိန်းသိမ်းနိုင်စွမ်းကိုလည်း ကောင်းမွန်စေပါသည်။

**ရိုင်ဇိုဘီယမ် (Rhizobium) နှင့် ပဲမျိုးရင်းဝင်အပင်များ၏ အပြန်အလှန်အကျိုးပြုပုံ**

ရိုင်ဇိုဘီယမ်နှင့် ပဲမျိုးရင်းဝင်အပင်များ၏ ဆက်နွှယ်မှုသည် ကမ္ဘာ့နိုက်ထရိုဂျင် သံသရာ (World Nitrogen Cycle)တွင် အလွန်အရေးကြီးပြီး တစ်နှစ်လျှင် နိုက်ထရိုဂျင် တန်ချိန် သန်း ၂၀၀ ခန့်ကို ဇီဝနည်းဖြင့် ဖမ်းယူပေးနေပါသည်။ ဥပမာ – ပဲပုပ်၊ မြေပဲနှင့် ကုလားပဲ၊ ပဲတီစိမ်း၊ စားကျက်ပဲမျိုးများ စသည့် ပဲမျိုးရင်းအပင်များသည် တစ်ဟက်တာလျှင် လေထဲမှ နိုက်ထရိုဂျင် ၂၀၀ မှ ၃၀၀ ကီလိုဂရမ်အထိ ဖမ်းယူနိုင်စွမ်းရှိကြပါသည်။

**အမြစ်ဖုဖြစ်ပေါ်မှုနှင့် အချက်ပြစနစ်**

အမြစ်ဖုဖြစ်ပေါ်ရေးအတွက် အပင်နှင့် ဗက်တီးရီးယားကြားတွင် ရှုပ်ထွေးသော မော်လီကျူးအဆင့် ဆက်သွယ်မှုတစ်ခု လိုအပ်ပါသည်။ နိုက်ထရိုဂျင် နည်းပါးချိန်တွင် အပင်က ဖလေဗိုလ်နိုက် (Flavonoids) ဒြပ်ပေါင်းများကို ထုတ်လွှတ်ပြီး ရိုင်ဇိုဘီယမ်ပိုးများကို ဆွဲဆောင်ပါသည်။ ထိုအခါ ဗက်တီးရီးယားက နော့ဖြစ်စဉ်အကြောင်းရင်း (Nodfactors) ဟု ခေါ်သော အချက်ပြမော်လီကျူးများကို ပြန်လည်ထုတ်လွှတ်ပြီး အပင်၏အမြစ်ကို ဝင်ရောက်ကာ အမြစ်ဖုများ စတင်တည်ဆောက်ပါသည်။

**ရိုင်ဇိုဘီယမ်မျိုးစိတ်များ (Rhizobium species) နှင့် ၎င်းတို့နှင့် သက်ဆိုင်သော ပဲမျိုးများ (Legumes)**

ရိုင်ဇိုဘီယမ်မျိုးစိတ်များသည် စိုက်ပျိုးရေး တွင် အရေးကြီးသော ပဲမျိုးတစ်မျိုးချင်းနှင့် သီးသန့် သဟဇာတဆက်နွှယ်မှုကို လေ့လာနိုင်ပါသည်။

**ရိုင်ဇိုဘီယမ်မျိုးစိတ်တစ်ခုချင်းအလိုက် သီးသန့်ပဲမျိုးများ**

| စဉ် | ရိုင်ဇိုဘီယမ်မျိုးစိတ် | သဟဇာတဖြစ်ပဲမျိုး |
|---|---|---|
| ၁ | R. leguminosarum bv. viciae | စားတော်ပဲ၊ စားကျက်ပဲဗက်ချ် – Common Vetch (*Vicia sativa*), ပဲနီလေး၊ တရုတ်ပဲ၊ တောင်ကြီးပဲ |
| ၂ | R. leguminosarum bv. trifolii | ကလိုဗာ |
| ၃ | R. leguminosarum bv. phaseoli | ဗိုလ်စားပဲ/မြေထောက်ပဲ |
| ၄ | R. etli | ဗိုလ်စားပဲ/မြေထောက်ပဲ၊ ပဲလွမ်း |
| ၅ | R. tropici | ဗိုလ်စားပဲ/မြေထောက်ပဲ၊ ဘောစကိုင်း |
| ၆ | R. lupini | လူပင်ပဲ |
| ၇ | R. meliloti | အယ်လဖာဖာ/လူဆန်၊ ကလိုဗာအချို |
| ၈ | R. hainanense | ဒက်စမိုဒီယမ်နွားစားပဲ |
| ၉ | R. galegae | Goat’s Rue (*Galega spp.*) |
| | **Bradyrhizobium မျိုးစိတ်များ** | **သက်ဆိုင်သော ပဲမျိုး** |
| ၁ | B. japonicum | ပဲပုပ်၊ ပဲလွမ်း၊ ပဲတီစိမ်း၊ ဆိုင်ရာတြိုစားကျက်ပဲ |
| ၂ | B. elkanii | ပဲပုပ်၊ ပဲလွမ်း |
| ၃ | B. diazoefficiens/B. liaoningense | ပဲပုပ် |
| ၄ | B. yuanmingense | လက်ပီဒီဇာပဲ |
| ၅ | B. canariense | ပဲတစ်မျိုး Genistoid legumes (e.g., Cytisus, Genista), လူပင်ပဲ၊ ဆာရာဒယ်လာပဲ |

**ဇီဝမြေဩဇာများ အသုံးပြုမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် အားနည်းချက်၊ အကန့်အသတ်များ**

**၁။ သက်တမ်းတိုခြင်းနှင့် အသက်ရှင်နိုင်မှုလျော့နည်းခြင်း**

ဇီဝမြေဩဇာများသည် အသက်ရှင်သော မိုက်ခရိုတ်များ၊ သေးငယ်သော အဏုဇီဝ သက်ရှိများ (Living Microbial Organisms) ပါဝင်သောကြောင့် လွယ်ကူစွာ သေဆုံးနိုင်ပါသည်။

အပူချိန်မြင့်ခြင်း၊ နေရောင်တိုက်ရိုက်ထိခြင်း၊ စိုထိုင်းဆမြင့်ခြင်းတို့ကြောင့် မိုက်ခရိုတ်များ သေဆုံးနိုင်သည်။ အသုံးမပြုမီတိုင်အောင်ပင် အာနိသင်လျော့နည်းသွားနိုင်သည်။ ရေခဲသေတ္တာ သို့မဟုတ် အေးမြသောနေရာများ မရှိခြင်းကြောင့် သိမ်းဆည်းမှု မကောင်းခြင်း ဖြစ်လေ့ရှိသည်။ (မြန်မာနိုင်ငံရှိ တောင်သူဦးကြီးများ၊ ကျေးလက်ဒေသများအတွက် အဓိက ပြဿနာဖြစ်နိုင်ပါသည်။)

**အကျိုးဆက်။** လယ်သမားများ အသုံးပြုသော်လည်း အကျိုးသက်ရောက်မှု မမြင်ရခြင်း၊ အထွက်တိုးမလာခြင်း ဖြစ်ပေါ်နိုင်ပါသည်။

**၂။ ပြင်ပပတ်ဝန်းကျင် အခြေအနေများကြောင့် ထိခိုက်လွယ်ခြင်း**

အဏုဇီဝသက်ရှိများသည် မြေဆီလွှာနှင့် ပတ်ဝန်းကျင်အခြေအနေများအပေါ် အလွန်ထိခိုက်လွယ်ပါသည်။

မြေချဉ်ငန်ဓာတ် ( pH) (အက်စစ်/အာလကလီများလွန်းခြင်း)၊ ရေဓာတ် (ခြောက်သွေ့လွန်းခြင်း သို့မဟုတ် ရေများလွန်းခြင်း)၊ အပူချိန်မြင့်/နိမ့်ခြင်း၊ ဆားဓာတ်များခြင်း။

**အကျိုးဆက်။** အရည်အသွေးကောင်းသော ဇီဝမြေဩဇာများပင် မသင့်လျော်သော မြေများတွင် မအောင်မြင်နိုင်ခြင်း ဖြစ်နိုင်ပါသည်။

**၃။ မူလမြေကြီးအတွင်းရှိ အဏုဇီဝပိုးများနှင့် ယှဉ်ပြိုင်မှု**

အသစ်ထည့်သွင်းသော အဏုဇီဝပိုး၊ မိုက်ခရိုတ်များသည် မြေထဲရှိ မူလမိုက်ခရိုတ်များနှင့် ယှဉ်ပြိုင်ရသည်။ မူလ အဏုဇီဝပိုးများက ထိန်းချုပ်နိုင်ပါသည်။ အကျိုးမရှိသော မျိုးကွဲများရှိနိုင်သည်။

**အကျိုးဆက်။** အသုံးပြုသော အဏုဇီဝပိုးများသည် အပင်အမြစ်တွင် မစွဲမြဲဘဲ လေထဲမှ နိုက်ထရိုဂျင်ဖမ်းယူမှု အားနည်းသွားနိုင်ခြင်း ဖြစ်နိုင်ပါသည်။

*စာမျက်နှာ ၇ သို့*

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်ခြင်း



၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ကော်မရှင်၏လုပ်ငန်း တာဝန်များ ဆောင်ရွက်လျက်ရှိရာတွင် ကော်မရှင်၏ ဆောင်ရွက်ချက် များကို အများပြည်သူသိရှိနိုင်ကြစေရန်အတွက် ၂၀၁၁ ခုနှစ်မှစတင်၍ နှစ်ပတ်လည်အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် အစီရင်ခံစာကို မြန်မာဘာသာဖြင့် ၂၀၂၆ ခုနှစ်၊ မတ်လတွင် ပုံနှိပ်ထုတ်ပြန်ခဲ့ပါသည်။ ယင်းအစီရင်ခံစာကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ Website ဖြစ်သည့် http://mnhrc.org.mm တွင် လွှင့်တင်ဖော်ပြထားပါသည်။

၂။ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ တစ်နှစ်တာကာလအတွင်း လူ့အခွင့် အရေးမြှင့်တင်ပညာပေးရေးလုပ်ငန်းများ၊ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ ဥပဒေရေးရာ ဆောင်ရွက်ချက်များနှင့် ကော်မရှင်ရုံးမှ ဌာန (၆) ခု၏ လုပ်ငန်း ဆောင်ရွက်ချက်များ ပါဝင်ပါသည်။ ကော်မရှင်၏ ၂၀၂၅ ခုနှစ်အတွင်း လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေး ဆောင်ရွက်ချက်များတွင် လူ့အခွင့်အရေးအသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲ (၆)ကြိမ်၊ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချမှု (၇၄)ကြိမ်၊ သတင်းထုတ်ပြန်ချက် (၁၇) ခုနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးစာအုပ်စာတမ်းများ၊ စာစောင်များ ပုံနှိပ်ထုတ်ဝေဖြန့်ချီခြင်း၊ ကော်မရှင်၏ဆောင်ရွက်ချက် များကို e-newsletter ထုတ်ဝေခြင်းများ ပါဝင်ပါသည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် တိုင်စာများစုံစမ်းစစ်ဆေး ခြင်း၊ ရဲစခန်း၊ အချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများအပါအဝင် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း (၂၁) ခု၊ လူငယ်သင်တန်း ကျောင်း၊ မသန်စွမ်းကျောင်း၊ ဘိုးဘွားရိပ်သာ (၁၀) ခုတို့သို့ သွားရောက် စစ်ဆေးခဲ့ခြင်းနှင့် တွေ့ရှိချက်များအပေါ် အကြံပြုချက် စုစုပေါင်း (၃၂၆) ချက်ကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ခြင်းတို့ ပါဝင်ပါသည်။ လူ့အခွင့်အရေးဘာသာရပ်နှင့် သိမှတ်ဖွယ်ရာဘာသာရပ်များကို သုတေသနပြုခြင်း၊ အသိပညာမျှဝေဆွေးနွေးခြင်းများလည်း ပြုလုပ် ခဲ့ပါသည်။ ကော်မရှင်သည် စတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းတာဝန်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှစ်စဉ်လုပ်ငန်း စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၅ ခုနှစ်၊ လုပ်ငန်း စီမံချက်ပါ လုပ်ငန်းများကို ယခု ၂၀၂၅ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံ စာတွင် ဖော်ညွှန်းတင်ပြထားပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဝေဖန်အကြံပြုလိုပါက ကော်မရှင်ရုံး အမှတ် (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန် မြို့သို့လည်းကောင်း၊ အီးမေးလ် info@mnhrc.org.mm သို့လည်း ကောင်း ပေးပို့နိုင်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

---

*စာမျက်နှာ ၆ မှ*

**၄။ တောင်သူလယ်သမားများ၏ နည်းပညာအပေါ် နားလည်မှုအားနည်းခြင်း**

တစ်ကေလျှင် ဇီဝမြေသြဇာ အသုံးပြုရမည့် အရေအတွက်၊ ပမာဏနှုန်းထားများ မှားယွင်း တွက်ချက်မိခြင်း၊ မြေသြဇာအသုံးပြုချိန်မမှန်ခြင်း (ဥပမာ – နေရောင်ထဲတွင် အသုံးပြုခြင်း)၊ မြေသြဇာ များကို မျိုးစေ့လူးနယ်မှု နည်းစနစ်မမှန်ခြင်း၊ ဓာတု ပစ္စည်းများ၊ ဓာတုမြေသြဇာများနှင့် မသင့်လျော်စွာ ရောစပ်အသုံးပြုခြင်း။

**အကျိုးဆက်။** ဇီဝမြေသြဇာအကျိုးသက်ရောက်မှု လျော့နည်းခြင်း သို့မဟုတ် မအောင်မြင်ခြင်း ဖြစ်သွားနိုင်ပါသည်။

**၅။ ဓာတုဆေးပစ္စည်းများနှင့် မကိုက်ညီမှု**

ပိုးသတ်ဆေး၊ မှိုသတ်ဆေးများသည် အကျိုးပြု အဏုဇီဝပိုး၊ မိုက်ခရိုတ်များကို သေစေနိုင်ပါသည်။ တောင်သူလယ်သမားများက တစ်ပြိုင်နက် ရောစပ် အသုံးပြုတတ်သည်။

**အကျိုးဆက်။** အကျိုးပြု အဏုဇီဝပိုးမိုက်ခရိုတ်များ နိုက်ထရိုဂျင်၊ ဖော့စဖော့ရပ်တို့ ဖမ်းယူမပေးနိုင်ခင်၊ အလုပ်မလုပ်မီ သေဆုံးသွားခြင်း ဖြစ်နိုင်ပါသည်။

**၆။ အကျိုးသက်ရောက်မှု နှေးကွေးခြင်း**

ဤဇီဝမြေသြဇာများသည် ဓာတုဓာတ်မြေ သြဇာများကဲ့သို့ အကျိုးသက်ရောက်မှု ချက်ချင်း မထင်ရှားပါ။ (ဥပမာ– အပင်များချက်ချင်း စိမ်းလန်း မလာပါ။) သက်ရောက်မှု အကျိုးကျေးဇူးများကို အချိန်ယူရသည်။

**အကျိုးဆက်။** လယ်သမားများက ဤဇီဝမြေသြဇာ များက ထိရောက်မှုမရှိ၊ အလုပ် မလုပ်ဘူးဟု ထင်မြင် နိုင်ပါသည်။




| Microbial Biofertilizers and Biopesticides | |
|---|---|
| **Advantages** | **Disadvantages** |
| - easy to use | - search for a good strain is tedious |
| - low cost | - poor quality of products |
| - secrete compounds | - sophisticated technology |
| - promote plant growth | - trained human resources |
| - increase crop yield | - lack of financial resources |
| - improve soil fertility | - unavailability of proper transportation services |
| - eco-friendly products | - short shelf life |

**ဇီဝမြေသြဇာအသုံးပြုမှုစိန်ခေါ်မှုများနှင့် အခက်အခဲများ။**

**၇။ အရည်အသွေးထိန်းချုပ်မှု ပြဿနာများ**

ဇီဝမြေသြဇာအတု သို့မဟုတ် အရည်အသွေးနိမ့် ထုတ်ကုန်များရှိနိုင်ခြင်း၊ အဏုဇီဝ မိုက်ခရိုတ် အရေအတွက် မလုံလောက်ခြင်း၊ မလိုအပ်သော အခြားအဏုဇီဝပိုးများနှင့် ရောနှောနိုင်ခြင်းတို့ ဖြစ်နိုင်ပါသည်။

**အကျိုးဆက်။** တောင်သူများ ယုံကြည်မှုလျော့နည်း လာနိုင်ပါသည်။

**၈။ သိုလှောင်နှင့် သယ်ယူပို့ဆောင်မှု ပြဿနာများ**

**အထူးသဖြင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ဇီဝမြေသြဇာများအသုံးပြုရန် အအေး ခန်းစနစ် မရှိခြင်း၊ နေပူအောက်တွင် သယ်ယူ ပို့ဆောင်နေရခြင်းတို့ ရှိပါသည်။**

**အကျိုးဆက်။** တောင်သူလယ်သမားများထံရောက်ရှိ ချိန်တွင် အဏုဇီဝပိုးများ သေဆုံးပြီး မြေသြဇာက အာနိသင်မရှိ၊ အကျိုးမရှိဖြစ်နိုင်ပါသည်။

**၉။ သီးနှံအလိုက် သတ်မှတ်မှုလိုအပ်ခြင်း**

Biofertilizer အချို့သည် သီးနှံအလိုက် သီးသန့် အသုံးပြုရသည်။

ဥပမာ – ရိုင်ဇိုဘီယမ် (Rhizobium) မြေသြဇာ သည် သီးသန့်ပဲသီးနှံ၊ စားကျက်ပဲအပင်များ ပဲလွှမ်း၊ ကုလားပဲ၊ ကလိုဗာ၊ အယ်လဖာဖာ စသည်တို့ အတွက်သာ သီးသန့်သဟဇာတဖြစ်၊ သင့်လျော်ပါ သည်။ တောင်သူဦးကြီးများအနေဖြင့် မမှန်ကန် သော မျိုးကွဲရွေးချယ်မိနိုင်ပါသည်။

**အကျိုးဆက်။** လေထဲမှနိုက်ထရိုဂျင်ဖမ်းယူမှု မရရှိ နိုင်တော့ဘဲ အကျိုးမရှိဖြစ်သွားနိုင်ပါသည်။

**၁၀။ လယ်ယာတွင် အသုံးပြုရာ အခက်အခဲများ**

ဇီဝမြေသြဇာများနှင့် မျိုးစေ့ကို လူးနယ်ရာတွင် အရိပ်အောက်တွင် အသုံးပြုရန် လိုအပ်ပါသည်။ အစိုဓာတ်၊ ရေဓာတ် အမြဲရရှိနေရန် ထိန်းသိမ်းနိုင်ရ ပါမည်။ ဇီဝမြေသြဇာများ မျိုးစေ့တွင် ကပ်နေရန် မျိုးစေ့ကပ်လုပ်ငန်းများ အလုပ်ရှုပ်နိုင်ပါသည်။

**အကျိုးဆက်။** ထို့ကြောင့် တောင်သူလယ်သမားများ သည် အသုံးပြုရန်လွယ်ကူသော ဓာတုဓာတ်မြေ သြဇာကို ရွေးချယ်ခြင်းဖြစ်သွားနိုင်ပါသည်။

**၁၁။ စီးပွားရေးအကျိုးအမြတ် ချက်ချင်းမရရှိခြင်း**

ဤဇီဝမြေသြဇာများသုံးစွဲခြင်းဖြင့် ရေရှည် အကျိုးကျေးဇူးများ (မြေဆီလွှာကောင်းမွန်မှု) ရရှိလာနိုင်သော်လည်း သီးနှံအထွက်တိုးမှု ချက်ချင်း မမြင်ရခြင်း ဖြစ်တတ်ပါသည်။

**အကျိုးဆက်။** တောင်သူများအသုံးပြုလိုမှု နည်းပါး လာနိုင်ပါသည်။

**၁၂။ အထောက်အပံ့နှင့် လမ်းညွှန်မှု နည်းပါးခြင်း**

ဤနည်းပညာအသုံးပြုရန် တောင်သူပညာပေး လုပ်ငန်းများ မလုံလောက်ပါ၊ တောင်သူများရှိရာ ကျေးရွာများတွင် သရုပ်ပြစမ်းသပ်ကွက်များ နည်းပါးခြင်း၊ မရှိခြင်းတို့ ဖြစ်နိုင်ပါသည်။

**အကျိုးဆက်။** နောက်ဆုံးတော့ တောင်သူများက ဤနည်းပညာအပေါ် ယုံကြည်မှုမရှိခြင်း ဖြစ်ပေါ်လာ နိုင်ပါသည်။

**စာရေးသူ၏အတွေး**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းတွင် ဇီဝမြေသြဇာများကို ဝယ်ယူနိုင်ပါသည်။ မြန်မာနိုင်ငံ ပုဂ္ဂလိကကုမ္ပဏီ/လုပ်ငန်းများက ဇီဝမြေသြဇာများ အနေဖြင့် အီးအမ်မြေသြဇာ(EM–Effective Microorganisms Fertilizer)၊ ဘာမထီစမ်း–တြိုင်ကို ဒါးမားအရည် (Liquid Trichoderma) စသည်ဖြင့် ရောင်းချနေသည်ကိုတော့ သတိထားမိပါသည်။

လေ့လာချက်အရ ခေတ်မီစိုက်ပျိုးမွေးမြူရေး နိုင်ငံဖြစ်သော ဩစတြေးလျနိုင်ငံ လယ်ယာမြေများ၊ ဩစတြေးလျတောင်သူများ ၂၀ – ၃၀ ရာခိုင်နှုန်း လောက်က ဤနည်းပညာကို ဓာတ်မြေသြဇာ အစားထိုးမဟုတ်ဘဲ အထွက်တိုး၊ မြေဆီလွှာ၊ မြေဆီ သြဇာ ပြန်လည်ကောင်းမွန်လာရန် ပူးတွဲအသုံးပြုနေ သည်ကို တွေ့ရှိရပါသည်။

**၁၉၈၇ – ၈၈ ခုနှစ် စာရေးသူ ဩစတြေးလျနိုင်ငံ ကွင်းစလန်တက္ကသိုလ်တွင် မဟာစိုက်ပျိုးရေးပညာ သင်တန်းတက်ရောက်စဉ်ကတည်းက တောင်သူ ဦးကြီးတိုင်း မိမိလယ်ယာမြေ အိမ်ထဲတွင် ရေခဲ သေတ္တာ အပိုရှိပြီး ရိုင်ဇိုဘီယမ်အပါအဝင် ဇီဝ မြေသြဇာများကို ရေခဲသေတ္တာထဲ ထည့်သိမ်းထား ကာ စိုက်ခါနီးမှ စိုက်ကွင်းထဲတွင် ထည့်သွင်းစိုက်ပျိုး သည့် ဓလေ့ကို သတိပြုမိခဲ့ပါသည်။ ထို့ကြောင့် အကျိုးပြုဇီဝသက်ရှိပိုးများ၊ သီးနှံမျိုးစေ့များနှင့် သဟဇာတရပြီး အထွက်ပိုတိုးကြပါသည်။**

မြန်မာ့တောင်သူဦးကြီးများ ရေရှည်အကျိုးရှိစေ ရန်အတွက် ဤနည်းပညာများကို ကွင်းသုတေသန များစွာ၊ တောင်သူစိုက်ကွင်းများထဲ သရုပ်ပြ စိုက်ခင်း များစွာ ပြုလုပ်သင့်ပါသည်။ အစိုးရနှင့် ပုဂ္ဂလိက လုပ်ငန်းများ ပူးတွဲဆောင်ရွက်ရန် အကြံပြုလို ပါသည်။ ။

> **❝ ဇီဝမြေသြဇာဆိုသည်မှာ အကျိုးပြုအဏုဇီဝပိုးများ ပါဝင်သော သဘာဝ ပစ္စည်းများဖြစ်ပြီး မြေဆီလွှာ၏ သဘာဝဖြစ်စဉ်များကို ပြန်လည်ကောင်းမွန် စေကာ သီးနှံအထွက်နှုန်းကို မြှင့်တင်ပေးနိုင်သည့် အဓိက ဖြေရှင်းချက်တစ်ခု ဖြစ်လာ၊ ဤဇီဝမြေသြဇာများသည် လေထုထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူပေးခြင်း၊ မြေကြီးအတွင်းရှိ မပျော်ဝင်နိုင်သော အာဟာရဓာတ်များကို ပျော်ဝင်စေခြင်း၊ ဖော့စဖော့ရပ်ဓာတ်များ စုပ်ယူပေးနိုင်ခြင်း၊ အပင်များ၏ ရောဂါဒဏ်နှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ကို မြှင့်တင်ပေးခြင်းတို့ကို လုပ်ဆောင်ပေးနိုင် ❞**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်သူ့ဆေးရုံကြီး၌ သက်ကြီးအဘိုး၊ အဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုအားပေး



**မကွေး မေ ၂၀**

မကွေးတိုင်းဒေသကြီးအတွင်းရှိ သက်ကြီးဘိုးဘွားများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်နိုင်စေရန် ရည်ရွယ်၍ မကွေးတိုင်းပြည်သူ့ဆေးရုံကြီး၌ အခမဲ့မျက်စိစမ်းသပ်ကုသပေးခြင်းနှင့် သွားတုအံကပ်များ အခမဲ့တပ်ဆင်ပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဌေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သက်ကြီးအဘိုး၊ အဘွားများအား အထူးကုဆရာဝန်ကြီးများက အခမဲ့ဆေးကုသဆောင်ရွက်ပေးနေမှု၊ သွားတုအံကပ်တပ်ဆင်ပေးနေမှု၊ အခမဲ့မျက်စိကုသဆောင်ရွက်ပေးနေမှုနှင့် မကွေးမြို့ပေါ်နှင့် ဖန်ခါးမြေဘိုးဘွားရိပ်သာမှ သက်ကြီးဘိုးဘွားများအား အခမဲ့ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုအားပေးပြီး ဘိုးဘွားများအား အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် သက်ကြီးဘိုးဘွားများအား အခမဲ့ဆေးကုသမှုအဖြစ် သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများ၊ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် အထွေထွေရောဂါကုဆရာဝန်ကြီးများ ဦးဆောင်ကာလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**

# သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အစည်းအဝေးကျင်းပ

**ပုသိမ် မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးမကျမီကာလအတွင်း သဘာဝဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ကြိုတင်ဆောင်ရွက်နိုင်ရေး အစည်းအဝေးကို ယနေ့ညနေပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ဦးစွာ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးမကျမီ ကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းများဆောင်ရွက်ထားရှိမှုများနှင့် တက်ရောက်လာသည့်ဌာနများက သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးသည် သဘာဝဘေး အန္တရာယ်များကို နှစ်စဉ်ရင်ဆိုင်နေရသည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ ဆည်၊ မြောင်း၊ တာတမံများ၊ ရေငံတားတာများလည်း များပြားသည့်အတွက် ဆည်၊ တာတမံများ၏ ကြံ့ခိုင်ရေး၊ ယိုစိမ့်မှုများ၊ ကျိုးပေါက်မှုများ မဖြစ်စေရေးကိုလည်း စစ်ဆေးဆောင်ရွက်ရန် လိုကြောင်း၊ ဧရာဝတီမြစ်၊ ငဝန်မြစ်စသည့် မြစ်ကြီးမြစ်ငယ် အသွယ်သွယ် စီးဆင်းသည့်အတွက် ကမ်းပြိုမှုများ ဖြစ်ပေါ်လျက်ရှိရာ ကာကွယ်ရေးလုပ်ငန်းများကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများ အနေဖြင့်လည်း အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး အလေးထား ဆောင်ရွက်ရန် လိုကြောင်း၊ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ ဒေသအလိုက် လုပ်ငန်းဆောင်ရွက်မှုများနှင့် သဘာဝဘေးကြိုတင် ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများ စီစဉ်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ မိုးရာသီကာလအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီ ဆောင်ရွက်နိုင်ရေး၊ စက်သုံးဆီ အချိန်မီရရှိစေရေး၊ သွင်းအားစုများ အချိန်မီရရှိစေရေး၊ စာရင်းဇယားများ တိကျမှန်ကန်မှုရှိစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သာယာဝတီခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**သာယာဝတီ မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ သာယာဝတီခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ရောက်ရှိပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို လစဉ်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်ပါအတိုင်း အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးမြှင့်တင်သွားရန်နှင့် ရက် ၁၀၀ စီမံချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန်နှင့် ရပ်ရွာဒေသများအလိုက် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသလုံခြုံရေးအား အထူးအလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက်တက်ရောက်လာသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ပုံမှန်ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် လက်ပံတန်းမြို့နယ် နဘဲကွင်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးဇေယျာနိုင်၏ ဖရီရှန်အမျိုးအစား နို့စားနွားကောင်ရေ ၃၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်ပြီး ပြည်ပသွင်းကုန်အစားထိုး ထောပတ်၊ နို့ဆီ၊ နို့စိမ်းတို့အဖြစ် ထုတ်လုပ်ရောင်းချရန်၊ ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တိရစ္ဆာန်အစာထုတ်လုပ်မွေးမြူရန်နှင့် ဒေသနွားများအား မျိုးမြှင့်တင် မွေးမြူနိုင်ရေး သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သာယာဝတီမြို့နယ် သက်တောရိုး ကျေးရွာအုပ်စု၌ ရေဆင်းပေါ်ဆန်းစပါး တစ်ကွင်းတစ်ဆက်တည်း မျိုးစေ့ထုတ်စံပြစိုက်ခင်းဧက ၁၀၀ ရိတ်သိမ်းနေမှုကိုကြည့်ရှုအားပေးပြီး တစ်ဧကလျှင် ပျမ်းမျှ ၁၀၄ ဒသမ ၄၅ တင်းနှုန်း ထွက်ရှိကာ ရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂)တို့ကို မြို့နယ်အလိုက် မျိုးစေ့ထုတ်စိုက်ခင်းများ ဆောင်ရွက်ပေးထားပြီးဖြစ်၍ တိုင်းဒေသကြီးအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်စိုက်ပျိုးသွားရန်၊ စိုက်နည်းစနစ် မှန်ကန်ရေးနှင့် သွင်းအားစုအဖြစ် ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် သဘာဝမြေသြဇာ ထုတ်လုပ်သုံးစွဲသွားရန်၊ အော်ဂဲနစ် စပါးစိုက်ခင်းဇုန်များ တည်ထောင်၍ တန်ဖိုးမြှင့်ပြည်ပပို့ကုန်တစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်သွားရန် မှာကြားသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း ရေဆင်းပေါ်ဆန်းစပါး မျိုးစေ့ထုတ်စိုက်ခင်း စုစုပေါင်း ၅၂၆ ဧက ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုကြောင့် မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်း စသည့်ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၂၀**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ကယားပြည်နယ်ဝန်ကြီးချုပ် မူလတန်းပြဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲ တက်ရောက်



**လွိုင်ကော် ဧပြီ ၂၀**

ကယားပြည်နယ် မူလတန်းပြဆရာ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့် သင်တန်း (Main Course) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက လွိုင်ကော် တက္ကသိုလ် ကိန္နရာခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ နည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ယခုသင်တန်းကို မူလတန်းပြ ဆရာ ဆရာမများ၏ အင်္ဂလိပ်စာ သင်ကြားမှုစွမ်းရည်၊ ဆက်သွယ်မှု စွမ်းရည်နှင့် သင်ကြားရေး နည်းလမ်းများ ပိုမိုတိုးတက် ကောင်းမွန်လာစေရန် ရည်ရွယ် ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားပို့ချမည့် အကြောင်းအရာများသည် ယနေ့ ခေတ်နှင့် ကိုက်ညီသည့် သင်ကြား ရေးနည်းလမ်းများကို အခြေခံ ထားခြင်းဖြစ်သည့် အတွက် သင်တန်းပြီးဆုံးပြီးနောက် မိမိတို့ ကျောင်းများတွင် လက်တွေ့ အသုံးချနိုင်မည်ဟု ယုံကြည်ပါ ကြောင်း၊ သင်တန်းသားများ အနေဖြင့် သင်တန်းနည်းပြများ၏ စနစ်တကျ သင်ကြားပို့ချမှုအပေါ် စိတ်ပါဝင်စားစွာ လေ့လာသင်ယူ ပြီး အင်္ဂလိပ်စာစွမ်းရည်များ ပိုမို တိုးတက်မြင့်မားအောင် ဆောင် ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်က သင်တန်းနည်းပြများ၊ ကြီးကြပ်သူများနှင့် သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့် ငွေပေးအပ်ရာ ပြည်နယ်ပညာရေး မှူးက လက်ခံရယူပြီး ပြည်နယ် ပညာရေးမှူးက သင်တန်းဖွင့်လှစ် ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်း တင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အခမ်း အနားသို့ တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများ ကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မူလတန်းပြဆရာ ဆရာမ များအတွက် အင်္ဂလိပ်စာအရည် အသွေးမြှင့် သင်တန်း (Main Course) တွင် သင်တန်းသား သင်တန်းသူ ၂၅၀ တက်ရောက် မည်ဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၂၀ ရက်မှ မေ ၂၂ ရက်အထိ ဖြစ်သည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်သည် တာဝန်ရှိသူ များနှင့်အတူ လွိုင်ကော်မြို့ မြို့အဝင်မုခ်ဦးနှင့် မြို့အဝင်လမ်း တစ်လျှောက် လမ်းဘေးဝဲယာနှင့် လမ်းလယ်ကျွန်းများတွင် စိုက်ပျိုး ထားသည့် မြေယာရှုခင်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ် ဝန်ကြီးချုပ်က လမ်းဘေးဝဲယာ တွင် စိုက်ပျိုးထားရှိသည့် အရိပ်ရ ပင်များနှင့် ပန်းအလှပင်များ ရေရှည်ရှင်သန်နိုင်ရေး ထိန်းသိမ်း စောင့်ရှောက်သွားရန်၊ တစ်ပင် စိုက်တစ်ပင်ရှင်သန်ရေး၊ သတ်မှတ် အပင်အရေအတွက် ပြည့်မီရေး အတွက် အစားထိုးစိုက်ပျိုးကြရန် နှင့် စိုက်ပျိုးရန် ကျန်ရှိနေသည့် အပိုင်းများကို သတ်မှတ်ကာလ အတွင်း စိုက်ပျိုးနိုင်ရေးစီမံ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ထေးငှားလျားကန် လမ်းဘေးဝဲယာတွင် အရိပ်ရပင် များ စိုက်ပျိုးထားရှိမှုနှင့် ထေးငှား လျားကန်ဘေးတွင် မြေယာရှုခင်း လုပ်ငန်း ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။

**ပြည်နယ်(ပြန်/ဆက်)**

---

❍ *ကျောဖုံးမှ*

အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံ ကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုး စီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ် လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက် အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ် ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်း နှင့်တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်ခြင်း မရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်း တို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည် လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်း စွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံး မှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုး ပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ် ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသ ကြီး ပေါက်ခေါင်းမြို့မှ အမျိုးသား နှစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား တစ်ဦး၊ မင်းလှမြို့မှ အမျိုးသား နှစ်ဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား ခြောက်ဦး စုစုပေါင်း အမျိုးသား ၁၁ ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘ အုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ် ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိ သူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက် လာကြသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူ များနှင့် ဖိတ်ကြားထားသော ဧည့်သည် တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဥပဒေဘောင် အတွင်း ဝင်ရောက်လာကြသူများအား အသိပညာပေး အမှာစကားပြောကြား သည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့ နှင့်အတူ ပါရှိလာသည့် MA1 သေနတ် တစ်လက်၊ MA3 သေနတ် နှစ်လက်၊ BA63 သေနတ်တစ်လက်၊ M79လက်လုပ်သေနတ် တစ်လက်၊ ကျည်မျိုးစုံ ၂၅၂ တောင့်၊ ကျည်အိမ်မျိုးစုံ ရှစ်ခု၊ ၄၀မမ ဗုံးသီး တစ်လုံးတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရ ယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများ နှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများအား မောင်းပြန်ရိုင်ဖယ် သေနတ်တစ်လက်အတွက် ဆုကြေးငွေ ကျပ် သိန်း ၅၀ နှုန်းဖြင့် လေးလက်အတွက် ငွေကျပ် သိန်း ၂၀၀၊ လက်လုပ်သေနတ် တစ်လက်အတွက် ဆုကြေးငွေ ငါးသိန်း ကျပ်၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူ တစ်ဦးလျှင် သုံးသိန်း ကျပ်နှုန်းဖြင့် ၁၁ ဦးအတွက် ၃၃ သိန်းကျပ် နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ခံဝန်ကတိ လက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံ ပေးအပ်ခဲ့သည်။ ယင်းနောက် တက်ရောက်လာကြသူများ အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်း ဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည် ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှု များ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူ များထံသို့ စနစ်တကျပြန်လည်လွှဲအပ် ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူ များအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်း ပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ် သည့် ကူညီထောက်ပံ့မှုများ ပေးအပ် သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများ၏ စကားသံများနှင့် ၎င်းတို့၏ မိဘများထံမှ စကားသံများကို လည်း ယခုကဲ့သို့ ကြားသိရပါသည်–

၁။ PDF ထဲကို ရောက်ရှိလာတာ ရွာ အနီးက လူတွေက ကျေးရွာကိုကာကွယ်ဖို့ အဲဒီလိုမျိုး ဖွဲ့စည်းခြင်းမျိုး ဖွဲ့စည်းမယ်ဆို ပြီး သွားရောက်ခြင်းဖြစ်တယ်။ ဆင့်ကဲ ဆင့်ကဲ အဲဒီလိုမျိုး သူတို့က ခိုင်းတယ်။ ကျွန်တော်တို့က အဲဒီလိုမျိုးဟာတွေ မကြိုက်ဘူး။ လုံးဝအပြစ်မရှိတဲ့ ပြည်သူ တွေအပေါ်ကို နိုင်ထက်စီးနင်း အဲဒီလိုမျိုး ပြောတာတွေကို ကျွန်တော်တို့က လက်မခံ





နိုင်ဘူး။ အဲဒီလိုမျိုးတွေလည်း မကြိုက် ဘူး။ သူတို့ခေါင်းစဉ်တပ်ထားတာ ပြည်သူ့ ကာကွယ်ရေးဆိုပြီးတော့ ခေါင်းစဉ်တပ် ထားခဲ့တာ၊ တကယ်တမ်းကျတော့ ခေါင်းစဉ်အလိုက်နဲ့ ဘာမှမသက်ဆိုင်တဲ့ အတွက် ကျွန်တော်တို့လည်း ဆက်ပြီး တော့ သူတို့ဘက်မှာ ရပ်တည်ပေးနေစရာ အကြောင်းမရှိဘူး။ သူတို့ခိုင်းစေတာ လုပ်ပြီးတော့ ကျွန်တော်တို့နေပေးစရာ အကြောင်းမရှိတော့ဘူး။ ကျွန်တော်တို့က အသားလွှတ် မြေစာပင် အသေခံရမှာ။ အလင်းဝင်ဖို့ စဉ်းစားခဲ့တာတော့ ကြာပြီ၊ ဒါပေမယ့် မဝင်ရဲဘူး။ အရင်တုန်းကတော့ ဝါဒမှိုင်းတွေ မိထားတဲ့အတွက် ဒီအထဲကို ရောက်လို့ရှိရင် ဘယ်လိုမျိုးဖြစ်မလဲ။ စပြီး ထွက်လာကတည်းက နည်းနည်းတော့ တုန်လှုပ်တာပေ့ါ။ ကျွန်တော်တို့ အမှား လုပ်ခဲ့တာကို ခွင့်လွှတ်ပေးပြီးတော့ နွေးထွေးစွာ ပြန်လည်ကြိုဆို ခွင့်လွှတ် ပေးတဲ့အတွက် ကျေးဇူးအများကြီးတင် ပါတယ်လို့ ပြောချင်ပါတယ်။ အမြင်မှန် အမြန်ဆုံးရပြီးတော့ ဝင်စေချင်တယ်။ သူတို့လည်းဝင်ဖို့ ဆန္ဒတွေတော့ ရှိတယ်။ ဒါပေမယ့်သူတို့က အကြောက်တရားလေး နည်းနည်းရှိနေသေးတယ်။ မေးလာခဲ့ရင် ပွင့်ပွင့်လင်းလင်းပဲပြောမှာ၊ ဒီဘက်က ဘယ်လိုထားတယ်။ ဘယ်လိုအဆင်ပြေ အောင် လုပ်ပေးခဲ့တဲ့အကြောင်းတွေ ပွင့်ပွင့်လင်းလင်း ပြောပြပြီးတော့ခေါ်ချင် တယ်။

၂။ ရွာမှာ အဲဒီလို ကိုယ့်ကို စည်းရုံးတဲ့ အချိန်မှာ သူတို့ ပြောတဲ့စကားတွေကို ယုံပြီးတော့ ကျွန်တော်ပါသွားခဲ့တာ။ ပြန်ဝင်လာဖြစ်တဲ့ အကြောင်းရင်း ကတော့ ကျွန်တော်တို့လူငယ်တွေ မြေစာပင်ဖြစ်နေတဲ့အတွက် ကျွန်တော် တို့ကတော့ အလကားနေ အလကား အသေမခံနိုင်ဘူး။ သူတို့ကောင်းစားဖို့ အတွက်တော့ ကျွန်တော်တို့ မလုပ်နိုင်ဘူး ဆိုတဲ့အနေနဲ့ပဲ ကျွန်တော်တို့ ပြန်ဝင် လာခဲ့တာပါ။ ကျွန်တော်တို့ ဒီဘက်ကို ရောက်လာတော့ သူတို့ပြောတဲ့ ဟာတွေနဲ့ အလွန်ကွာခြားလွန်းတယ်။ ဒီဘက်မှာဆို ညီအစ်ကိုလိုသွားလာတယ်။ တော်တော် လည်းပျော်ပါတယ်။ နောက်ထပ်လာမယ့် ညီအစ်ကိုတွေကို လာခဲ့ပါလို့ပဲ ဖိတ်ခေါ် ပါတယ်။ ကျွန်တော်တို့ဒီမှာ မိသားစုလို နွေးနွေးထွေးထွေးနဲ့ မိသားစုနဲ့ ကောင်းကောင်းမွန်မွန် နေရပါတယ်လို့ ပြောချင်ပါတယ်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

တပ်မတော်သားများအား ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ ဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး ဒုတိယ တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားကာ အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ အထူးနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

**လျှပ်စစ်ဓာတ်အား ချွေတာရေးနည်းလမ်းများ**

❄ ရုံးချိန်အတွင်း အလင်းရောင်ဝင်ရောက်နိုင်သော ပြတင်းတံခါးများအား ဖွင့်လှစ်၍ လျှပ်စစ်မီးသီး၊ မီးချောင်းများ သုံးစွဲမှု လျှော့ချရန်။

❄ လေဝင်နိုင်သော ပြတင်းတံခါးများ ဖွင့်လှစ်၍ လေအေးပေးစက် သုံးစွဲခြင်းနှင့် လျှပ်စစ်ပန်ကာများ သုံးစွဲခြင်းအား လျှော့ချရန်။

# မျိုး၊ မြေ၊ ရေ၊ နည်း လိုက်လျောညီ ပန်းတိုင်အထွက်နှုန်းဆီ

ဒေါက်တာတင်မာမာဦး (DOA)

မြန်မာနိုင်ငံ၏ စီးပွားရေးကုန်ထုတ်လုပ်ငန်းကြီးများအနက် လယ်ယာကဏ္ဍသည် အခြေခံအကျဆုံးလုပ်ငန်းကြီးတစ်ခု ဖြစ်ပါသည်။ စီးပွားရေး၊ လူမှုရေးကဏ္ဍများနှင့် အခြေခံကျစွာ အထောက်အပံ့ပြုလျက်ရှိသည်မှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖြစ်ပါသည်။

နိုင်ငံသာယာဝပြောရေးနှင့် စားရေရိက္ခာပေါများစေရေးမှာ နိုင်ငံအတွက် လိုအပ်ချက် ဖြစ်ပါသည်။ ထိုပန်းတိုင်နှစ်ရပ် အောင်မြင်ရန်အတွက် ပြည်သူတစ်ရပ်လုံးက မိမိတို့ကျရာ အခန်းကဏ္ဍမှ ပိုမိုပါဝင် ကြိုးစားဆောင်ရွက်ကြရပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်သည့် ကျေးလက်နေပြည်သူများဖြစ်ပြီး လယ်ယာလုပ်ငန်းဖြင့် တိုင်းကျိုးပြည်ပြုဆောင်ရွက်နေကြသည့် တောင်သူဦးကြီးများ၏ အခန်းကဏ္ဍက လွန်စွာအရေးကြီးလှသည်။

မြန်မာနိုင်ငံ၌ ဆန်စပါးကို နေ့စဉ်စားသုံးမှုအတွက် မရှိမဖြစ် အခြေခံထား၍ စားသောက်နေကြဆဲ ဖြစ်ပါသည်။ နောင်တွင် ဂျုံကို အစားထိုးပြောင်းလဲစားသောက်ကြရန်လည်း လိုအပ်ပါသည်။ လက်ရှိတွင် တောင်သူလယ်သမားဦးကြီးများ၏ ဆန်စပါးစိုက်ပျိုးပေးမှုကြောင့် ပြည်သူများ စားရေရိက္ခာပြည့်ဝစွာနေထိုင်ကြရသည်။ ထို့ကြောင့် တောင်သူလယ်သမားများသည် အဓိက ကျေးဇူးရှင်များ ဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်နေသည့် သီးနှံများမှာ ပြည်တွင်း၌ အဓိကစားသုံးသည့် သီးနှံဖြစ်သော စပါးနှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပြည်ပပို့ကုန် ပဲအမျိုးမျိုး၊ ပြောင်း၊ စက်မှုကုန်ကြမ်းသီးနှံများဖြစ်သော ဝါ၊ ကြံနှင့် နှစ်ရှည်ပင်များဖြစ်သည့် ကော်ဖီ၊ ရော်ဘာ၊ မီးဖိုချောင်သုံးသီးနှံ ငရုတ်၊ ကြက်သွန်၊ အာလူးနှင့် သစ်သီးဝလံများ၊ နှစ်ရှည်သီးနှံများ ဖြစ်ပါသည်။

စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံများဖြစ်ထွန်းအောင်မြင်ပြီး အထွက်နှုန်းကောင်းမွန်စေရန်အတွက် **မျိုး၊ မြေ၊ ရေ၊ နည်း** ဟူသည့် နည်းလမ်းလေးမျိုးဖြင့် ဆောင်ရွက်သွားရန် လိုအပ်သည်။ သီးနှံအလိုက် ရေမြေဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ သုံးစွဲစိုက်ပျိုးခြင်း၊ စိုက်ပျိုးမြေများ၏ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်မြေဩဇာ သို့မဟုတ် သဘာဝမြေဩဇာများကို အသုံးပြုရန်လည်း လိုအပ်သည်။ ဓာတ်မြေဩဇာများ ဈေးနှုန်းကြီးမြင့်ချိန်တွင် ဒေသအလိုက်ရရှိနိုင်သည့် သဘာဝမြေဩဇာကို ပြည့်စုံကောင်းမွန်အောင်



ပြုပြင်ထုတ်လုပ်သုံးစွဲသွားနိုင်ရန် နည်းလမ်းများနှင့် ပညာပေးမှုများရှိပြီးဖြစ်သည့်အလျောက် အဆိုပါနည်းလမ်းများ ပိုမိုအသုံးပြုနိုင်ရေး အားထုတ်ကြရန်လည်း လိုအပ်ပါသည်။

ပိုက်ဆံလျှော်ကဲ့သို့ သစ်စိမ်းမြေဩဇာများ စိုက်ပျိုး၍ ထည့်သွင်းအသုံးပြုခြင်း၊ မြေဆွေးများ ပြုလုပ်သုံးစွဲခြင်း၊ ဓာတ်မြေဩဇာနှင့် ဇီဝမြေဩဇာတို့ကို သဘာဝမြေဩဇာများနှင့်တွဲဖက်၍ အသုံးပြုခြင်း၊ အပင်ကြီးထွားမှုအတွက် လိုအပ်သောသွင်းအားစုများ လုံလုံလောက်လောက် ထည့်သွင်းပေးခြင်း၊ စိုက်ပျိုးရေများကို စနစ်တကျသုံးစွဲခြင်း၊ ဒေသနှင့် လိုက်လျောညီထွေဖြစ်စေသည့် စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးခြင်း စသည်တို့ကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

လယ်ယာလုပ်ငန်းခွင်များတွင် လယ်ယာလုပ်သားရှားပါးမှုများနှင့်စပ်လျဉ်း၍လည်း ခေတ်မီစက်ကိရိယာများ အသုံးပြုဆောင်ရွက်ခြင်းအားဖြင့် အချိန်နှင့် လုပ်အားတို့ လျော့နည်းသက်သာစေမည့်အပြင် လေလွင့်ဆုံးရှုံးမှုများကိုလည်း လျော့နည်းစေမည်ဖြစ်ပါသည်။ တောင်သူကြီးများအနေဖြင့် **မျိုး၊ မြေ၊ ရေ၊ နည်း** စသည့်နည်းလမ်းလေးသွယ်ကို လိုက်နာကျင့်သုံးခြင်းအားဖြင့် သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းများရရှိပြီး ဝင်ငွေပိုမိုရရှိလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် နိုင်ငံအတွက် ဝင်ငွေများရရှိပြီး နိုင်ငံ့စီးပွားရေးကို များစွာ အထောက်အကူပြုမည် ဖြစ်ပါသည်။

သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့်အတူ သီးနှံစိုက်စွမ်းအား မြှင့်တင်နိုင်ရေးအတွက်လည်းဆောင်ရွက်ကြရမည်ဖြစ်ရာ မိုးစပါး တစ်သီးသာ စိုက်ပျိုးကြသော မြေယာများအပေါ်တွင် ဒေသ၊ ရေ၊ မြေ အခြေအနေပေါ်မူတည်ပြီး သီးထပ်သီးနှံ အပြည့်အဝ စိုက်ပျိုးနိုင်ရေးနှင့် သီးညှပ်စိုက်ပျိုးနိုင်ရေးတို့ကိုလည်း ပိုမိုဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံ စိုက်ပျိုးနည်းစနစ်များကို နည်းပညာပေး ဆောင်ရွက်ထားပြီးဖြစ်ရာ တောင်သူများအနေဖြင့် မိမိဒေသနှင့် ကိုက်ညီသည့် သီးထပ်သီးညှပ်စိုက်ပျိုးနည်းစနစ်များကို ရွေးချယ်စိုက်ပျိုးသွားရန် လိုအပ်ပါသည်။

တောင်သူဦးကြီးများအနေဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် နိုင်ငံတကာဈေးကွက် လိုအပ်ချက်နှင့်အညီ နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးတက် တင်ပို့ရောင်းချနိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော သီးနှံစိုက်ပျိုးထုတ်လုပ်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ သီးနှံများ၏ အထွက်နှုန်းတိုးတက်စေရေး ဆောင်ရွက်မှုအပြင် စိုက်ပျိုးသမျှသီးနှံတိုင်း၏ အရည်အသွေးကောင်းမွန်ရေးကိုလည်း ဂရုပြုကြရန် လိုအပ်ပါသည်။ ပြည်တွင်းထုတ်ကုန်များ အဆင့်မီမီထုတ်လုပ်နိုင်လျှင် ပြည်တွင်းပြည်ပဈေးကွက်တွင် မျက်နှာပန်းလှလှ ဈေးကွက်ဝင်စွာ တင်ပို့ရောင်းချနိုင်မည် ဖြစ်ပါသည်။ မိမိတို့ထုတ်လုပ်လိုက်သည့် ထုတ်ကုန်ပစ္စည်း အရည်အသွေးကောင်းမွန်နေသမျှ ဈေးကွက်သည်လည်း ကျယ်ပြန့်နေမည်သာဖြစ်သည်။

နိုင်ငံတော်အနေဖြင့် လယ်ယာသီးနှံများ ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြည်တွင်းပို့ကုန်များ တင်ပို့နိုင်ရေးအတွက် တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန် MSME လုပ်ငန်းများ တိုးတက်လာအောင် အားပေးဆောင်ရွက်လျက်ရှိပါသည်။ နည်းပညာလိုအပ်ချက်များ နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိရေးကိုလည်း ဆောင်ရွက်ပေးနေပါသည်။

အလားတူ ခေတ်မီစိုက်ပျိုးနည်းပညာများနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူလယ်သမားကြီးများ အချိန်နှင့်တစ်ပြေးညီ သိရှိအသုံးချနိုင်ရေးအတွက် တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း (Farmer Channel) အစီအစဉ်များ၊ လယ်ယာစီးပွားသတင်းများ ထုတ်ပြန်ပေးလျက်ရှိသည်။ ထို့ပြင် စိုက်ပျိုးနည်းပညာများ လွယ်လင့်တကူရရှိနိုင်ရန် မိုဘိုင်းဖုန်းများမှ Mobile Application ဖြင့် မိုးလေဝသသတင်းများ၊ လယ်ယာကဏ္ဍနှင့် ဈေးကွက်ဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကိုလည်း စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများက ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် တောင်သူလယ်သမားများ သိရှိလိုသည့် စိုက်ပျိုးရေးဆိုင်ရာသတင်းအချက်အလက်နှင့် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ လေ့လာသိရှိနိုင်ပြီ ဖြစ်ပါသည်။

တောင်သူလယ်သမားဦးကြီးများ လူမှုဘဝမြင့်မားရေးအတွက် နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်မှုပြုနေသကဲ့သို့ တောင်သူလယ်သမားကြီးများကလည်း ဥစ္စာရင်လို့ဥစ္စာရင်ခဲ ပိုမိုကြိုးပမ်း လုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်ရပါသည်။ တောင်သူလယ်သမားဦးကြီးများ၏ စွမ်းအားဖြင့် နိုင်ငံအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အောင်မြင်စွာဖော်ဆောင်နိုင်ပြီး တိုင်းပြည်၏ စီးပွားရေးကို တိုးတက်စေနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



"လယ်ယာလုပ်ငန်းခွင်များတွင် လယ်ယာလုပ်သားရှားပါးမှုများနှင့် စပ်လျဉ်း၍လည်း ခေတ်မီစက်ကိရိယာများ အသုံးပြုဆောင်ရွက်ခြင်းအားဖြင့် အချိန်နှင့်လုပ်အားတို့ လျော့နည်းသက်သာစေမည့်အပြင် လေလွင့်ဆုံးရှုံးမှုများကိုလည်း လျော့နည်းစေမည်ဖြစ်၊ တောင်သူကြီးများအနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်းလေးသွယ်ကို လိုက်နာကျင့်သုံးခြင်းအားဖြင့် သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းများရရှိပြီး ဝင်ငွေပိုမိုရရှိလာမည်ဖြစ်"

# ၂၀၂၆ ခုနှစ် ဧပြီလအတွင်း (၁-၄-၂၀၂၆ ရက်နေ့မှ ၁၅-၄-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL-50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန် တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာ ဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင် ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | | **နေပြည်တော်** | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဇဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | | **မန္တလေးတိုင်းဒေသကြီး** | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | ကောင်းမွန် | | | | |
| | ၃ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | စစ်ကိုင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | | **တနင်္သာရီတိုင်းဒေသကြီး** | | | | | | |
| | ၁ | ထားဝယ်မြို့ | – | – | ကောင်းမွန် | | | – |
| ၆ | | **ပဲခူးတိုင်းဒေသကြီး** | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| | ၁ | မကွေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| | ၁ | ပုသိမ်မြို့ | – | – | ကောင်းမွန် | | | |
| | ၂ | ဖျာပုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | | **ကရင်ပြည်နယ်** | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | | **မွန်ပြည်နယ်** | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | မုဒုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၁ | | **ရှမ်းပြည်နယ်** | | | | | | |
| | ၁ | တောင်ကြီးမြို့ | ကျန်းမာရေးကို ထိခိုက်စေနိုင်သော | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | ကျိုင်းတုံမြို့ | ကျန်းမာရေးကို ထိခိုက်စေနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | ကျန်းမာရေးကို ထိခိုက်စေနိုင်သော | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | လက်ခံနိုင်သော | – | ကောင်းမွန် | – | ကောင်းမွန် |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့် နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## မဟာအောင်မြေမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်နိုင်စေရန် ကွင်းဆင်းစစ်ဆေး

**မန္တလေး ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်း 191 report application အသုံးပြုမှု ရှင်းပြခြင်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးညွန့်ဝင်းအောင် ဦးဆောင်၍ သန္ဓေငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး ပေါင်း ၂၀၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများပူးပေါင်း၍ မြို့နယ်အတွင်း မီးလန့်မှု၊ မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် စိန်ပန်းရပ်ကွက်အတွင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် 191 report application ကို ပြည်သူများအသုံးပြုရေး ကွင်းဆင်းထည့်သွင်းပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



# ကချင်ပြည်နယ်၌ ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်နှင့် ပထမရက် (၁၀၀) ကာလအတွင်း လုပ်ငန်းများ အကျိုးရှိလျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေး ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား မေ ၂၀**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ အများပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ရှေးရှု၍ ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် ပထမရက် (၁၀၀) အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအား ပြည်သူများအတွက် အကျိုးရှိထိရောက်မည့် Quick Win လုပ်ငန်းများဖြစ်စေရေး ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့ မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အများပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ရှေးရှုပြီး ပထမ ရက်(၁၀၀)ကာလအတွင်း Quick Win လုပ်ငန်းများကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်၏ လိုအပ်ချက်၊ လုပ်ငန်းဆောင်ရွက်နိုင်မှုအပေါ်မူတည်ပြီး ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားကြရမည်



ဖြစ်ကြောင်း၊ ယနေ့ တင်ပြသည့်လုပ်ငန်းများနှင့် မြေပြင်ဆောင်ရွက်သည့်လုပ်ငန်းများ ကိုက်ညီမှုရှိစေရန်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်သူများ လက်ဝယ်အရောက်ရရှိအောင် အားလုံးက ညီညီညွတ်ညွတ်နှင့် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လာမည့် ရက် (၁၀၀) ကာလအတွင်း သက်ဆိုင်ရာဌာနများအလိုက် ပြည်သူများအတွက် အကျိုးရှိထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည့် Quick Win လုပ်ငန်းစီမံကိန်းများကို တင်ပြကြရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက လိုအပ်ချက်များကို ဖြည့်စွက်သုံးသပ်ရှင်းလင်းဆွေးနွေးကြသည်။

တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ရက် (၁၀၀) ကာလအတွင်း ဌာနများအနေဖြင့် အကောင်အထည်ဖော်ရမည့် လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ကြရေး၊ အထူးသဖြင့် ယာယီတိမ်းရှောင်ပြည်သူများ အမိုးအကာဖြင့် လုံခြုံစွာနေထိုင်နိုင်ရေး၊ လယ်မြေ၊ မြစ်ချောင်းဧရိယာများတွင် ကျူးကျော်နေထိုင်သူများ ဥပဒေနှင့်အညီ ရှင်းလင်းဖယ်ရှားရေး၊ နိုင်ငံ့စီးပွားမတည်ငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် လည်ပတ်နိုင်ရေးနှင့် မိမိတို့ မြို့/ရွာ သန့်ရှင်းသာယာလှပရေးကို ရပ်/ကျေးအဆင့်ထိ ပြည်သူများ ပူးပေါင်းပါဝင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရေးနှင့် ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးစားကြရေးဖြင့် နိဂုံးချုပ်မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ဒီမိုကရေစီအစိုးရသစ်နဲ့အတူ ရိုးရာမပျက်ခဲ့သော သကြံန်"** ခေါင်းစဉ်ဖြင့် ၂၂-၄-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ၂၉-၄-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"အုပ်ချုပ်ရေးစနစ် ပြောင်းလဲခဲ့ပေမယ့် အဖျက်အမှောင့်နဲ့ အပြစ်မဲ့ပြည်သူကို ခြိမ်းခြောက်သတ်ဖြတ်ရေး အလုပ်တွေကိုသာ အရှိန်မပျက်လုပ်နေဆဲ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**



## လက်ပံတန်းမြို့နယ်၌ အပူဒဏ်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

**လက်ပံတန်း မေ ၂၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အပူဒဏ်ကာကွယ်ရေးလုပ်ငန်းများကို အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ လက်ပံတန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်း၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်ကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ ရေနှင့်သတ္တုဓာတ်များ ပြန်လည်ဖြည့်တင်းရေးအတွက် ဓာတ်ဆားရည်ဖျော်စပ်နည်းများ သင်ကြားပေးခြင်း၊ အပူဒဏ်ကြောင့်နွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်းများ ဖြစ်ပေါ်ပါက ဆောင်ရန်/ရှောင်ရန်များကို ကျန်းမာရေးအသိပညာပေးခြင်း၊ သက်ကြီးရွယ်အိုများ စနစ်တကျ ရေချိုးနိုင်စေရေး ကျန်းမာရေး အသိပညာမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လက်ပံတန်းမြို့နယ်ပြည်သူ့ဆေးရုံ၊ ခမုံတိုက်နယ်ဆေးရုံ၊ ဇီးဖြူကုန်းတိုက်နယ်ဆေးရုံ၊ သာရဝေါတိုက်နယ်ဆေးရုံတို့တွင် လူနာများ လက်ခံကုသပေးမည့်နေရာ ကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်း ကြိုတင်ဖြည့်ဆည်းပြင်ဆင်ထားရှိခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## အိမ်ထောင်စုလူဦးရေစာရင်းကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးနှင့် UID ထုတ်ပေးခြင်း ရက် ၁၀၀ စီမံချက် ကွင်းဆင်းဆောင်ရွက်

**ခန္တီး မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ယနေ့နံနက် ၁၀ နာရီက အိမ်ထောင်စု လူဦးရေစာရင်း ကိုင်ဆောင် လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးခြင်းနှင့် UID (Unique Identity) ထုတ်ပေးခြင်း ရက် (၁၀၀) စီမံချက် ကွင်းဆင်းဆောင်ရွက်ခြင်းကို ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်သည်။

အစိုးရသစ် ပထမ ရက် (၁၀၀) ကာလအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အသက်(၁၀)နှစ် ပြည့်ပြီးဖြစ်သော်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားခြင်း မရှိသေးသူများအား ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ခန္တီးမြို့နယ်ဦးစီးမှူး ဦးနိုင်လင်းအောင်ထံမှ သိရသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာနေရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးထွန်းအောင်နှင့် ခန္တီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းထိုက်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ဟုမ္မလင်းမြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကျင်းပ

**ဟုမ္မလင်း မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကကြီးမှူး၍ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့က ဟုမ္မလင်းမြို့ ချင်းတွင်းမြစ်ကမ်းဘေး၌ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံလှစိုး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပပစိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြပြီး ချင်းတွင်းမြစ်အတွင်းသို့ ထိုင်းငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၇၀၀၀၀ အား ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဂျပန်နိုင်ငံ၌ လှုပ်ခတ်ခဲ့သော ငလျင်ပြင်းအားကို ၇ ဒသမ ၇ အဆင့်အထိ ပြင်ဆင်သတ်မှတ်

## လာမည့်သီတင်းပတ်အတွင်း အလားတူအားကောင်းသော ငလျင်များလှုပ်ခတ်နိုင်ကြောင်း သတိပေး

တိုကျို ဧပြီ ၂၀

ဧပြီ ၂၀ ရက် မွန်းလွဲပိုင်းက ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းနှင့် မြောက်ပိုင်းဒေသတို့၌ လှုပ်ခတ်ခဲ့သော ငလျင်၏ပြင်းအားကို ၇ ဒသမ ၅ အဆင့်မှ ၇ ဒသမ ၇ အဆင့်အထိ ပြင်ဆင်သတ်မှတ်လိုက်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ (JMA) ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဟော့ကိုင်းဒိုး၊ အအိုမိုရီနှင့် အီဝါတေးခရိုင်များ၏ ပစိဖိတ်ကမ်းလွန်၌ ဆူနာမီလှိုင်းများကို တွေ့ရှိခဲ့ပြီး အထူးသဖြင့် အီဝါတေးခရိုင် ကူဂျီဆိပ်ကမ်းတွင် ၈၀ စင်တီမီတာရှိသော ဆူနာမီလှိုင်းများ ရိုက်ခတ်ခဲ့ကြောင်း၊ မီယာကိုဆိပ်ကမ်းတွင်လည်း ၄၀ စင်တီမီတာရှိသော ဆူနာမီလှိုင်းများ ရိုက်ခတ်ခဲ့ကြောင်း သိရသည်။

ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဟော့ကိုင်းဒိုး၊ အအိုမိုရီ၊ အီဝါတေး၊ မီယာဂီနှင့် ဖုကူရှီးမားခရိုင်များရှိ လူပေါင်း ၁၇၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်များ ထုတ်ပြန်ထားသည်။ ထို့ပြင် ဘေးဒဏ်သင့်ဒေသများမှ ဒေသခံများကိုလည်း ကုန်းမြင့်ပိုင်း သို့မဟုတ် ပိုမိုမြင့်မားသော နေရာများသို့ ရွှေ့ပြောင်းကြရန် တိုက်တွန်းထားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် တိုကျိုနှင့် ရှင်-အအိုမိုရီဘူတာတို့ အကြားရှိ တိုဟိုကူရှင်ကန်ဆန် ကျည်ဆန်ရထားဝန်ဆောင်မှုများ ရပ်ဆိုင်းခြင်းအပါအဝင် သယ်ယူပို့ဆောင်ရေးကဏ္ဍများ၌ အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါ အင်အားပြင်းငလျင်မှာ ဆန်ရီကု ကမ်းလွန်၌ ဧပြီ ၂၀ ရက်က ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅၃ မိနစ်တွင် အနက် ကီလိုမီတာ ၂၀ ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် လာမည့်သီတင်းပတ်အတွင်း အလားတူအားကောင်းသော ငလျင်များ ထပ်မံလှုပ်ခတ်နိုင်ကြောင်း မိုးလေဝသအေဂျင်စီက သတိပေးထားသည်။

ဆင်ဟွာ




## ပါကစ္စတန်နိုင်ငံရောက် အာဖဂန်ဒုက္ခသည် ၆၀၀၀ ကျော် တစ်ရက်အတွင်း နေရပ်ပြန်လာ

ကဘူးလ် ဧပြီ ၂၀

ဧပြီ ၁၉ ရက် တစ်ရက်အတွင်း အိမ်နီးချင်း ပါကစ္စတန်နိုင်ငံမှ အာဖဂန်ဒုက္ခသည် ၆၁၄၈ ဦးထက် မနည်း မူရင်းနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခဲ့ကြောင်း နေရပ်ပြန်များ၏ ပြဿနာများဖြေရှင်းရေးဆိုင်ရာ အာဖဂန်နစ္စတန်၏ မဟာမင်းကြီးရုံးက ဧပြီ ၂၀ ရက်တွင် ပြောကြားသည်။

နေရပ်ပြန်သူများသည် အရှေ့ပိုင်း နန်ဂါဟာ ပြည်နယ်အတွင်းရှိ တော့ခ်ခမ်းနယ်စပ်ဖြတ်ကျော်နေရာနှင့် တောင်ပိုင်း ကန်ဒါဟာပြည်နယ်အတွင်းရှိ ဘော်ဒါခ်နယ်စပ်ဖြတ်ကျော်နေရာတို့မှ တစ်ဆင့် နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြကြောင်း၊ နယ်စပ်ဖြတ်ကျော်ရာနေရာများသို့ ရောက်ရှိချိန်တွင် လိုအပ်သော အစိုးရအကူအညီများ အားလုံးကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့တွင် အိမ်နီးချင်း အီရန်နိုင်ငံမှ အာဖဂန်ဒုက္ခသည် ၄၇၁ ဦးမှာလည်း နေရပ်ပြန်လာခဲ့ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ်အတွင်း အာဖဂန်ဒုက္ခသည် ၂ ဒသမ ၈ သန်းခန့် နေရပ်ပြန်လာခဲ့ကြောင်း အချက်အလက်များအရ သိရသည်။

ဆင်ဟွာ



## နယူးဇီလန်နိုင်ငံ၌ မတ်လအတွင်း ပြည်ပပို့ကုန်ပမာဏ ၇ ဒသမ ၃ ရာခိုင်နှုန်းကျော် တိုးလာ

ဝယ်လင်တန် ဧပြီ ၂၀

နယူးဇီလန်နိုင်ငံ၏ စုစုပေါင်း ပြည်ပပို့ကုန်မှာ နယူးဇီလန် ဒေါ်လာ ၇ ဒသမ ၉ ဘီလီယံရှိရာ မတ်လအတွင်း ယမန်နှစ်ကထက် ၇ ဒသမ ၃ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း နယူးဇီလန်နိုင်ငံ၏ တရားဝင်အချက်အလက် အေဂျင်စီ Stats NZ က ယနေ့တွင် ထုတ်ပြန်ထားသည်။

နယူးဇီလန်နိုင်ငံ၏ အဖိုးတန် သတ္တုများ၊ လက်ဝတ်ရတနာများနှင့် ဒင်္ဂါးပြားများမှာ အဓိကပြည်ပပို့ကုန်တင်ပို့မှုကို တိုးမြင့်စေခဲ့ပြီး ယင်းနောက်တွင် သစ်သီးတင်ပို့မှု ဖြစ်ကြောင်း စာရင်းအင်းဌာနက ပြောကြားသည်။

ကီဝီသီးနှင့် ပန်းသီးမှာ ယခုနှစ် မတ်လအတွင်း စုစုပေါင်း သစ်သီးတင်ပို့မှုတန်ဖိုး၏ ၉၅ ရာခိုင်နှုန်းကျော်ရှိကြောင်း Stats NZ ၏ နိုင်ငံတကာငွေစာရင်းဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဗီကီ ဝှဲဒ်က ဆိုသည်။

နယူးဇီလန်နိုင်ငံ၌ သစ်သီး တင်ပို့မှုသည် နို့နှင့်နို့ထွက်ပစ္စည်းနှင့် အသားများပြီးလျှင် နိုင်ငံ၏ တတိယ အကြီးဆုံး ပြည်ပပို့ကုန်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ဆင်ဟွာ

## အမေရိကန်ပြည်ထောင်စု၌ အမျိုးသားတစ်ဦးက မိမိရင်သွေးများအပါအဝင် ကလေးရှစ်ဦးကို သေနတ်ဖြင့် ပစ်သတ်

လူဝီစီယားနား ဧပြီ ၂၀

အမေရိကန်ပြည်ထောင်စု လူဝီစီယားနားပြည်နယ်၌ အမျိုးသားတစ်ဦးက အသက် ၃ နှစ်မှ ၁၁ အရွယ် ကလေးငယ်ရှစ်ဦးကို သေနတ်ဖြင့်ပစ်သတ်ခဲ့ကြောင်းနှင့် ၎င်းတို့အနက် ကလေးငယ်ခုနစ်ဦးမှာ ၎င်း၏ ရင်သွေးများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ယခုကဲ့သို့ သေနတ်ပစ်ခတ်မှုဖြစ်ပွားရခြင်းမှာ မိသားစုပြဿနာများပါဝင်မည်ဟု ရဲတပ်ဖွဲ့က သံသယရှိသည်။ အသက် ၃၁ နှစ်ရှိ အဆိုပါအမျိုးသားသည် လူဝီစီယားနားပြည်နယ်၏ တတိယမြောက် လူဦးရေအထူထပ်ဆုံး မြို့တော်တစ်ခုဖြစ်သည့် ရှရက်ပို့တ်မြို့ရှိ တခြားအိမ်ခြေသုံးလုံးကိုလည်း ဧပြီ ၂၀ ရက် အစောပိုင်းက တိုက်ခိုက်ခဲ့သေးသည်။

သေနတ်ပစ်ခတ်မှုကျူးလွန်သူအဖြစ် သံသယရှိသူ ရှာမာအယ်ကင်စ်သည် စစ်မှုထမ်းဟောင်း တစ်ဦးဖြစ်ပြီး ၎င်း၏ဇနီးအပါအဝင် လူ ၁၀ ဦးခန့်ကို ပစ်ခတ်ခဲ့ရာ ၎င်း၏ဇနီးမှာ အပြင်းအထန်ဒဏ်ရာ ရရှိထားသည်ဟုသိရသည်။ ၎င်းသည် ကားတစ်စီးကို ခိုးယူ၍ အခင်းဖြစ်ပွားရာနေရာမှ ပျောက်ဆုံးသွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များက နောက်ဆုံးတွင် အသေပစ်ခတ်ဖမ်းဆီးခဲ့သည်။ ရှရက်ပို့တ်မြို့တော်ဝန် တွမ်အာဆီနော့ဇ်က ယခုဖြစ်စဉ်သည် မိမိတို့ကြုံတွေ့ခဲ့ဖူးသည့် ဖြစ်စဉ်များအနက် စိတ်မကောင်းဖွယ်ရာ အကောင်းဆုံးဖြစ်စဉ်တစ်ခုဖြစ်ကြောင်း သုံးသပ်ပြောကြားခဲ့သည်။

အင်န်အီတ်ချ်ကေ

# ဘော်နီယိုကျွန်း ရေပေါ်ကျေးရွာ မီးလောင်မှုဖြစ်ပွားပြီး လူ ၉၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်

ကွာလာလမ်ပူ ဧပြီ ၂၀

မလေးရှားဘက်အခြမ်း ဘော်နီယိုကျွန်းရှိ ရေပေါ်ကျေးရွာတစ်ရွာ၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ခြေ ၁၀၀၀ ခန့် ပျက်စီးခဲ့ပြီး လူပေါင်း ၉၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။

မီးလောင်မှုသည် ဆာဘာ ပြည်နယ် ဆန်ဒါခန်ဒေသတွင် ယမန်နေ့အစောပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဒေသတွင်း မီဒီယာက ဖော်ပြခဲ့သည်။

လူနေအိမ်ခြေထူထပ်ခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများကြောင့် မီးလောင်မှုကို ပိုမိုလျင်မြန်စွာ ကူးစက်ပျံ့နှံ့ကြီးထွားစေခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

အဆိုပါကျေးရွာသည် ရေပေါ်ကျေးရွာဖြစ်ပြီး အိမ်များကို သစ်သားတိုင်များဖြင့် တည်ဆောက်ထားကြကာ သစ်သားတံတားများနှင့် လှေများကို အသုံးပြုသွားလာနေထိုင်ကြသည်။ နှစ်ပေါင်း ၁၀၀၀ ကျော် သမိုင်းရှိသည်ဟု ယူဆကြပြီး နိုင်ငံ၏အဆင်းရဲဆုံး နေရာအဖြစ် သတ်မှတ်ထားကြသည်။

ယင်းနေ့ နေ့ခင်းပိုင်းတွင် မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ပြီး မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ပြည်နယ်ရဲချုပ်က ပြောသည်။ မီးလောင်မှုကြောင့် သေဆုံးသတင်း ဖော်ပြချက်မျိုးကိုမူ မတွေ့ရသေးပေ။

အစိုးရနှင့် ဒေသအာဏာပိုင်များပေါင်းစပ်ညှိနှိုင်းပြီး အိုးမဲ့အိမ်မဲ့များအတွက် ယာယီနေအိမ်များအပါအဝင် လိုအပ်သည်များ ပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မလေးရှားဝန်ကြီးချုပ် အန်ဝါ အီဘရာဟင်က ပြောကြားသည်။

အင်န်အီတ်ချ်ကေ



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း ဝန်ထမ်းများအား တွေ့ဆုံမှာကြား

**နေပြည်တော် ဧပြီ ၂၀**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းသည် ယနေ့မွန်းလွဲပိုင်းတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်းများနှင့် အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက အဂတိလိုက်စားမှုသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် အဓိက အဟန့်အတားဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်း၌လည်း အဂတိလိုက်စားမှုကင်းရှင်းအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အကျင့်စာရိတ္တနှင့် စိတ်ဓာတ်ကိုလည်း ပျက်စီးစေခြင်းဖြစ်သည့်အတွက် အကျင့်ပျက်ခြစားမှုများလာခြင်းမျိုးမဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း အလေးအနက်ထား တိုက်တွန်းမှာကြားခဲ့ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့်တကွ ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် တစ်ဦးချင်းက မိတ်ဆက်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်တွင်းထုတ်ဒီဇယ်ဆီများအား တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက် ဆက်လက်ရောင်းချပေးလျက်ရှိ



**နေပြည်တော် ဧပြီ ၂၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့နှင့်ပူးပေါင်း၍ တောင်သူများကို စက်သုံးဆီအခက်အခဲလျော့နည်းသက်သာစေရေးနှင့် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် ဆီထွက်သီးနှံ ထွန်ယက်စိုက်ပျိုးရန်ကျန်ရှိသော ကျေးရွာများသို့ ပြည်တွင်းထုတ် ဒီဇယ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် လက်ငင်းငွေချေစနစ်ဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိသည်။

ထိုသို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ရှိ တပ်ကုန်းမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့တွင် စက်သုံးဆီ ဂါလန် ၆၅၀ ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် စက်သုံးဆီဂါလန် ၁၁၀ ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမရပူရ၊ ဝမ်းတွင်း၊ ပျော်ဘွယ်မြို့နယ်များတွင် စက်သုံးဆီ ၂၂၇၁ ဂါလန်ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ၄၅၇၈ ဂါလန်ကိုလည်းကောင်း စုစုပေါင်း ၇၆၀၉ ဂါလန်အား လုပ်ငန်းခွင်အရောက် ဖြန့်ဖြူးရောင်းချခဲ့သည်။ ကျန်ရှိနေသည့်တိုင်းဒေသကြီး/ ပြည်နယ်များရှိ တောင်သူများထံသို့ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ စက်သုံးဆီများကို လက်ငင်းငွေချေစနစ်ဖြင့် ဆက်လက်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖျာပုံမြို့နယ်၌ စိုက်ကွင်းရေသွင်းတံခါး တည်ဆောက်ပေးနိုင်ခဲ့သဖြင့် နွေစပါးစိုက်ဧက တိုးတက်လာ

**ဖျာပုံ ဧပြီ ၂၀**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဖျာပုံမြို့နယ်ရှိ ကြက်ဖမွေးဇောင်း ကျွန်းပတ်တာတွင် စိုက်ကွင်းရေသွင်းတံခါး အသစ်တစ်လုံး တည်ဆောက် ပေးနိုင်ခဲ့သဖြင့် မူလနွေစပါးစိုက်ဧက ၆၈၀၀ အား စိုက်ပျိုးရေလွယ်ကူစွာ သွင်းယူစိုက်ပျိုးလာနိုင်သည့်အပြင် ယခုနှစ် ထပ်မံတိုးချဲ့စိုက်ပျိုးလာသည့် စိုက်ဧက ၁၀၀၀ ကိုလည်း နွေစပါး စိုက်ပျိုးရာသီအမီ အောင်ရေပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ကြက်ဖမွေးဇောင်း ကျွန်းပတ်တာက အလျား ၄၆ မိုင်ရှိပြီး ကာကွယ်ဧရိယာက ၃၄၃၉၁ ဧက ဖြစ်ပါတယ်။ အဓိကက မိုးစပါး နှစ်စဉ် ဧက ၂၉၀၀၀ လောက်စိုက်ပျိုးတာပါ။ တန်ဖိုးရှိတဲ့ ရေချိုကို အသုံးချလို့ရနိုင်သလောက် အသုံးချနိုင်အောင်၊ လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်နေပါတယ်" ဟု ဖျာပုံခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာတင့်က ပြောသည်။

အဆိုပါကျွန်းပတ်တာအတွင်း တစ်နှစ်ထက်တစ်နှစ် နွေစပါး စိုက်ဧက တိုးချဲ့စိုက်ပျိုးလာနိုင်ခြင်းအပေါ် စိုက်ပျိုးမှုနှင့်ညီမျှသည့် ရေချိုပေးဝေနိုင်ရေးအတွက် စိုက်ကွင်းရေသွင်းတံခါး တည်ဆောက်ပေးခဲ့ရာ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်က ဒီကျွန်းပတ်တာထဲမှာ ရက် (၉၀) နွေစပါး ဧက ၈၀ ကျော် စိုက်ပါတယ်။ ဒီနှစ်ကတော့ "စိုက်ကွင်း" ရေသွင်းတံခါး ဆောက်ပေးလိုက်လို့ အောင်ရေအတွက် မပူရဘူးပေါ့" ဟု ဗျိုင်းကဇီးကျေးရွာမှ တောင်သူ ဦးသိန်းနိုင်ဦးက ပြောသည်။



"အခုတည်ဆောက်ပြီးစီးသွားတဲ့ စိုက်ကွင်းရေသွင်းတံခါးက ပေ (၆ x ၆) သုံးပေါက် RC ကွန်ကရစ်အမျိုးအစား ရေသွင်းတံခါးဖြစ်ပါတယ်။ နှစ်ရှည်ခံနိုင်အောင် ရေတံခါးရွက်တွေကို Stainless Steel နဲ့ ပြုလုပ်ပေးထားပါတယ်။ ရေချိုသွင်းယူရတဲ့နေရာမှာ ကျုံကန်ချောင်းကဝင်ရေကို လုံလောက်စွာ သွင်းယူနိုင်စေဖို့ Sill Level R.L(-3.5) နဲ့ စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးထားပါတယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေတံခါးတည်ဆောက်ရေး တာဝန်ခံ ဒေါ်ရွှေခြည်ဦး ဒုတိယဦးစီးမှူး (မြို့ပြ)က ပြောသည်။

အဆိုပါ စိုက်ကွင်းရေသွင်းတံခါး တည်ဆောက်ပြီးစီးပြီဖြစ်၍ ကြက်ဖမွေးဇောင်းကျေးရွာအုပ်စု၊ အလန်း ဖလွတ်ကျေးရွာအုပ်စု၊ ဗျိုင်းကဇီးကျေးရွာအုပ်စု တို့တွင် နွေစပါးအောင်ရေ လုံလောက်စွာ ပေးဝေလာနိုင်သည့်အပြင် ဆက်လက်၍လည်း ဘိုကလေးမြို့နယ်၊ ဒေါင့်ကြီးအရှေ့ကျွန်းရှိ နွေစပါး မစိုက်ပျိုးနိုင်သော ဧရိယာများအထိပါ တိုးတက်စိုက်ပျိုးနိုင်ရန် ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

# ကျောက်ဆည်တက္ကသိုလ်၌ မူလတန်းပြ ဆရာ/ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း ဖွင့်လှစ်



**စဉ့်ကိုင် ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျောက်ဆည်တက္ကသိုလ်နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ မူလတန်းပြ ဆရာ/ဆရာမများ၏ အင်္ဂလိပ်စာ သင်ကြား/သင်ယူမှုစနစ် ပိုမိုကျွမ်းကျင်အောင်မြင်တိုးတက်လာစေပြီး အရည်အသွေးရှိသော ကျောင်းသား/ကျောင်းသူများ ပေါ်ပေါက်လာစေရေးတို့ကို ရည်ရွယ်ကာ မူလတန်းပြဆရာ၊ ဆရာမများ အင်္ဂလိပ်စာ အရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်က အဆိုပါတက္ကသိုလ်ရှိ ဧကရာဇ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေက အမှာစကားပြောကြားပြီး အင်္ဂလိပ်စာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာချယ်ရီဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ/ဆရာမများက မူလတန်းပြ သင်တန်းသား ဆရာ/ ဆရာမ ၁၀၀ အား စာတွေ့လက်တွေ့ပို့ချလျက်ရှိပြီး သင်တန်းကို ဧပြီ ၂၀ ရက်မှ မေ ၂၂ ရက်အထိ ဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ အင်္ဂလိပ်စာအရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ စိမ်းညို့ညို့ကို၊ အင်္ဂလိပ်စာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာချယ်ရီဦး၊ ကျောက်ဆည်ခရိုင် ပညာရေးမှူး ဒေါက်တာဥမ္မာကြည်နှင့် သင်တန်းသား ဆရာ/ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ (စဉ့်ကိုင်)**

❑ *ကျောဖုံးမှ*

နည်းပြကွန်ပနီ၏ ဘိုင်ယန်မြူးနစ်အသင်းသည် လွန်ခဲ့သည့် ၁၄ ရာသီအတွင်း (၁၃) ကြိမ်မြောက် ဘွန်ဒက်စ်လီဂါဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ကွန်ပနီသည် ဘိုင်ယန်မြူးနစ်အသင်းကို ပွဲပေါင်း ၁၀၃ ပွဲ တာဝန်ယူကိုင်တွယ်ထားပြီး ၇၉ ပွဲ နိုင်၊ ၁၃ ပွဲသရေနှင့် ၁၁ ပွဲ ရှုံးရလဒ်ရရှိအောင် စွမ်းဆောင်ထားနိုင်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် DFB-Pokal ဖလားပြိုင်ပွဲနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတို့တွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းထားနိုင်ပြီဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဧပြီ ၂၃ ရက် နံနက်ပိုင်းတွင် DFB-Pokal ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် လေဗာကူဆင်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် မေ ၂၀**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေမျိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



**စာရေးကိရိယာပေးအပ်**

ဦးစွာ ဒုတိယတိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မော်လမြိုင်မြို့နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) မှ ကျောင်းသား ကျောင်းသူများ၏ ၃၈ ဖြာ မင်္ဂလာတရားတော်များ နှင့် ပြည်သူ့နီတိတို့မှ မင်္ဂလာတရားတော်များကို တေးသရုပ်ဖော်ကပြမှုအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် သင်တန်းသား ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်**

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား သင်တန်းသူ ၅၀ ဖြင့်လည်းကောင်း၊ ကွန်ပျူတာသင်တန်းကို သင်တန်းသား သင်တန်းသူ ၁၇ ဦးဖြင့်လည်းကောင်း၊ အင်္ဂလိပ်စာသင်တန်းကို သင်တန်းသား သင်တန်းသူ ၃၄ ဦးဖြင့်လည်းကောင်း မေ ၂၉ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဥတ္တရသီရိမြို့နယ်၌ အပူဒဏ်ကာကွယ်ရေးအသိပညာပေး

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် နွေရာသီကာလ ကျရောက်လာနိုင်သည့် အပူဒဏ်အန္တရာယ်များမှ အများပြည်သူများ ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ် ချင်းရွာဓမ္မာရုံ၌ ဆောင်ရွက်သည်။



အသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝါဝါညွန့်ရွှေနှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိပြည်သူများ အပူဒဏ်အန္တရာယ်ကင်းဝေးစေရန်အတွက် ကြိုတင် ကာကွယ်ရမည့်နည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ အပူဒဏ်အန္တရာယ် ပြင်းထန်စွာခံစားရပါက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များအတိုင်း စနစ်တကျကုသဆောင်ရွက်ရမည့်အခြေအနေများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

## ပိုင်ကျုံမြို့၌ ကော်ဖီပျိုးပင်များ ထောက်ပံ့ပေးအပ်

**ပိုင်ကျုံ မေ ၂၀**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကော်ဖီစိုက်ပျိုးမည့် တောင်သူများအား ကော်ဖီပျိုးပင်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်က ကျင်းပသည်။



အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူးက ကော်ဖီစိုက်ပျိုးခြင်း၏ ရည်ရွယ်ချက်၊ ကော်ဖီစိုက်ပျိုးခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းနှင့် မြို့စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ကော်ဖီပျိုးပင်များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကော်ဖီစိုက်ပျိုးမည့် တောင်သူများထံ ပျိုးပင်များ ထောက်ပံ့ပေးအပ်သည်။

ပိုင်ကျုံမြို့တွင် ကော်ဖီကေ ၁၀၀ စိုက်ပျိုးရန် လျာထားပြီး လျာထားစိုက်ကေ ပြည့်မီရေးအတွက် ပျိုးပင်များကို ဆက်လက် ဖြန့်ဝေပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**နော်ခူး(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်၌ နွေစပါးစိုက်ပျိုးကေပြည့်မီရေး စက်သုံးဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**နေပြည်တော် မေ ၂၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ နွေစပါးစိုက်ပျိုးကေ ပြည့်မီရေး



စက်သုံးဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချိုဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မြင့်မိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးမင်းထွန်းနှင့်ဝန်ထမ်းများ ကြီးကြပ်ကာ ယနေ့နံနက်ပိုင်းက ကျားသေအိုင်ကျေးရွာအုပ်စု၊ ညောင်လွန့်ကျေးရွာအုပ်စုများရှိစိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC) ခန်းမများ၌ စက်သုံးဆီများ ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးရာတွင် တပ်ကုန်းမြို့နယ်၌ နွေစပါးစိုက်ပျိုး လျာထားကေ ၉၁၁၄ ကေ၊ စိုက်ပြီးကေ ၈၆၁၄ ကေ၊ စိုက်ပျိုးရန် ကျန်သည့်ကေ ၅၀၀ အတွက် တစ်ကေလျှင် တစ်ဂါလန်နှုန်း၊ တစ်ဂါလန် ၁၀၀၀၀ ကျပ်ဖြင့် ဂါလန် ၅၀၀ ကို စုရပ်နှစ်နေရာ၌ နွေစပါးစိုက်တောင်သူများအား ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



## ရွှေဘိုတက္ကသိုလ်၌ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း ဖွင့်လှစ်

**ရွှေဘို မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ အခြေခံပညာမူလတန်းပြ ဆရာ ဆရာမများ၏ အင်္ဂလိပ်စာစွမ်းရည် ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေဘိုတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာမြတ်မြတ်သော်က ယခုဖွင့်လှစ်သည့် သင်တန်းသည် မူလတန်းအဆင့် သင်ရိုးသစ်ဘာသာရပ်များ သင်ကြားရာတွင် ဆရာ ဆရာမများအနေဖြင့် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြု၍ ထိရောက်သော သင်ကြားမှုနည်းစနစ်များ ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၂၀ ရက်မှ မေ ၂၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ မူလတန်းပြ ဆရာ ဆရာမ ၁၀၀ တက်ရောက်လျက်ရှိကြောင်း၊ သင်တန်းတွင် အပြန်အလှန်ဆွေးနွေးမှု အခြေပြု သင်ကြားခြင်းနှင့် လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းနည်းလမ်းများဖြင့် ပို့ချသွားမည်ဖြစ်ပြီး ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားလာမှုနှင့်အတူ မျိုးဆက်သစ်ကျောင်းသားများ၏ အင်္ဂလိပ်စာ အခြေခံကောင်းများကို ပိုမိုခိုင်မာအောင် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**ရေချွေတာရေး နည်းလမ်းများ**

❊ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

❊ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

❊ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။

❊ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။

## ကမမောင်းမြို့၌ အသက် ၈၀ နှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့



**ကမမောင်း မေ ၂၀**

ကရင်ပြည်နယ် ကမမောင်းမြို့၌ (မြန်မာနှစ်ဆန်း ၃ ရက်) မေ ၁၉ ရက်က မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအရ သက်ကြီးမိဘ၊ ဘိုးဘွား၊ ဆရာသမားများအား ပူဇော်ကန်တော့ပွဲကို ကမမောင်းမြို့ အာလောကာရာမ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး အာလောကာရာမကျောင်း ဆရာတော်ထံမှ တက်ရောက်လာသော ဘိုးဘွားများနှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် မြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဦးက ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းခဲ့ပြီး အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၈၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ နှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကာ အခမ်းအနားသို့ မတက်ရောက်နိုင်သည့် ဘိုးဘွားများအား အိမ်တိုင်ရာရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကမမောင်း(မြန်/ဆက်)**

## ဟိုင်းကြီးကျွန်း၌ ရပ်ကွက်နေပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေး ဧည့်စာရင်းစစ်ဆေး

**ဟိုင်းကြီးကျွန်း မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနေ ပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် နယ်မြေလုံခြုံရေးအဖွဲ့နှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်ကာ ဧည့်စာရင်းစစ်ဆေးခြင်းလုပ်ငန်းများကို ယမန်နေ့က ငါးပြေမကျေးရွာအုပ်စု ဂျိတ်ကွင်းကျေးရွာ၌ ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ ဟိုင်းကြီးကျွန်းမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးကောင်းစံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနေ ပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ရပ်ကွက်အတွင်း လူစိမ်းများ ရောက်ရှိတည်းခိုနေထိုင်မှု မရှိစေရန် ဧည့်စာရင်းများ လိုက်လံစစ်ဆေးကြပြီး ဧည့်သည်များ ရောက်ရှိလာပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ မပျက်မကွက် သတင်းပေးပို့ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**လှိုင်မျိုးအောင်(မြန်/ဆက်)**



## မုံရွာမြို့နယ်၌ မူလတန်းပြဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်လှစ်

**မုံရွာ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မူလတန်းပြဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း(Main Course)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မုံရွာတက္ကသိုလ်ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာ သန်းသန်းဝင်း၊ တိုင်းဒေသကြီးပညာရေးမှူး ဦးသက်လေးဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မုံရွာတက္ကသိုလ် အင်္ဂလိပ်စာပါမောက္ခ ဒေါက်တာမေရီက အမှာစကားပြောကြားပြီး မုံရွာပညာရေးဒီဂရီကောလိပ်မှ အင်္ဂလိပ်စာပါမောက္ခဒေါ်ခင်ထားမြတ်က သင်တန်းနှင့်ပတ်သက်၍ သင်ကြားပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြ ဆရာ ဆရာမ ငါးဦးက မုံရွာမြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများမှ ဆရာ ဆရာမ ၁၀၀ အား အင်္ဂလိပ်စာအရည်အသွေးမြှင့် ဘာသာရပ်လေးမျိုးကို မေ ၂၀ ရက်မှ မေ ၂၂ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(မြန်/ဆက်)**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် –

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ခေတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြုတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

## အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ

- ➢ တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- ➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- ➢ မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ➢ ရေများများသောက်ပါ။





## အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- ➢ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ➢ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ➢ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ချင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- ➢ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ် အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၁ ၂ ၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ (Heat Exhaustion)

- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ ကြွက်တက်ခြင်း၊ နှုံးချိပျော့ခွေခြင်း၊
- ➢ အလွန်အမင်းရေဆာခြင်း၊
- ➢ ဂနာမငြိမ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ (Heat Stroke)

- ➢ အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ တက်ခြင်း၊ သတိလစ်ခြင်း။

## အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။



## အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- ➢ သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ➢ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ➢ ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- ➢ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

## အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- ➢ လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- ➢ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ➢ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ➢ လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- ➢ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- ➢ လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၄ ၅ ၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရိယာ (၀.၁၁၀) ဧကရှိ ဒေါ်ခင်ချိုဦး ၁၂/ စခန(နိုင်)၀၃၄၉၉၉(ဘ)ဦးစိန်မောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၂၁၁၃)ကို နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၂/၂၀၂၀(၂၉-၁-၂၀၂၀)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ချောစုလှိုင် ၁၂/ အစန(နိုင်)၁၆၁၁၃၉ (ဘ) ဦးအုန်းလှိုင်မှ ဒေါ်နှင်းစိုးအေး ၁/မကတ(နိုင်)၁၀၈၇၈၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ တပင်ရွှေထီးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ မြေကွက်အမှတ် (ပစ(င) ၆၁၅၇)ကို အမည်ပေါက် တကက ဝင်းအောင်(ဘ)ဦးမောင်ထွန်း ၉/ပတသ(နိုင်) ၀၁၆၃၂၂ (ကွယ်လွန်) ၏ အမွေခံသမီးဖြစ်သူ ဒေါ်ဆုမွန်အောင် (ဘ)ဦးဝင်းအောင် ၁၂/မဘန(နိုင်)၁၁၄၀၅၃ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ မြေငှားရမ်းခပြေစာ၊ အမည်ပေါက်၏သေဆုံးမှုလက်မှတ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်နှင့်ရဲစခန်း ထောက်ခံချက်၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၀)၊ သီတာ (၂)လမ်း၊ မြေကွက်အမှတ် (၉၄၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်အေးမြင့် (၁၄/မအပ (နိုင်) ၀၀၇၁၆၄) (WKA- ၁၂၆၄၇၀)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးပြုံး (၁၄/ကပန (နိုင်) ၀၀၉၈၉၃)ထံမှ ကျွန်မ ဒေါ်အေးနန္ဒာကျော်လင်း (၇/သဝတ (နိုင်) ၀၇၆၀၂၈)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးနန္ဒာကျော်လင်း (၇/သဝတ (နိုင်) ၀၇၆၀၂၈)
၀၉- ၇၈၂ ၂၉၄ ၆၁၆





# ငလျင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများ ဖြစ်ပွားလေ့ရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိက ပြတ်ရွေ့ကြော ၄ ခုအနက် စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက်ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်အထိ ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ ရုတ်တရက် ဖြစ်ပွားတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများပြားစေသော ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများ ရုတ်တရက် ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားများ ပြင်းပြင်းထန်ထန် တုန်ခါနေခြင်းကြောင့် ဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငလျင်စတင်ဖြစ်ပေါ်သည့် ဗဟိုချက်၏ အတိမ်/အနက်၊ မြို့ပြနှင့် ကျေးလက်၊ လူဦးရေ အစိပ်အကျဲတို့အပေါ် မူတည်၍ ပျက်စီးဆုံးရှုံးမှုလည်း မတူညီနိုင်ပါ။ များသောအားဖြင့် ငလျင်လှုပ်ခြင်းကြောင့် လူ့အသက်သေဆုံးမှု မဖြစ်စေသော်လည်း အဆောက်အအုံများ ပြိုကျမှုနှင့် ခိုင်မာစွာ တွယ်ဆက်ထားခြင်းမရှိသည့် ပစ္စည်းများ ပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ၅ ဦး နှင့် ဒဏ်ရာရရှိသူ ၅၁၀၄ ဦး ရှိခဲ့ပါသည်။

၃။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အသိပညာပေးခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက် အောက်ပါ ကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

(ခ) ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

(ဂ) ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ တွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။

(ဃ) မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊ အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

(င) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

(ခ) (၅)စက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာများတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။

(ဂ) လယ်ကွင်း၊ ကွင်းပြင် (သို့) ဘေးကင်းရာ (မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

(စ) ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၇။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို ရှောင်ရှားရန် လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

(ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်း မပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များ ပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

(ဂ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

(င) အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

(စ) နောက်ဆက်တွဲဘေးအန္တရာယ် (မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

(ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

(ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့် အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့ မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ- ၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၄

| | | |
|---|---|---|
| ၁။ ဒေါ်ခင်မာလာ | နှင့် | ၁။ ဒေါ်စန္ဒာထွေး(ခ)ဆွေဆွေဦး |
| ၂။ ဦးဆန်းလွင် | | ၂။ ဦးဆွေလှိုင်ဦး |
| (၎င်းကိုယ်တိုင်နှင့်(၃)တရားလို၏ | | ၃။ ဦးသက်လှိုင်ဦး |
| အခွင့်ရကိုယ်စားလှယ်) | | ၄။ ဒေါ်မြမြစန်း |
| ၃။ ဒေါ်ခင်ပြုံး | | (၎င်းကိုယ်တိုင်နှင့်(၅)တရားပြိုင်၏ အခွင့်ရကိုယ်စားလှယ်) |
| | | ၅။ ဦးဇော်ရဲမာန် |
| တရားလိုများ | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂၄ ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၅၃၃)နေ၊ (၂) တရားပြိုင် ဦးဆွေလှိုင်ဦး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ( ၅ )ရက်၊ (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ်( ၅ ) ရက် မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှု မဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ(၂၀)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးထွန်း)
ဒုတိယခရိုင်တရားသူကြီး ( ၁ )
ဒဂုံမြို့သစ်ခရိုင်တရားရုံး

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နေ ဒေါ်ဝင့်ဝါဝါဗိုလ် ၉/မထလ(နိုင်)၂၂၈၉၂၆ ၏ ခင်ပွန်းဖြစ်သူ ဦးမင်းဇော် ၈/ပခက(နိုင်)၂၁၂၈၅၅ သည် ဇနီးနှင့်မိသားစုအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုး ပြုလုပ်၍ ဇနီးနှင့်မိသားစုအား တိုင်ပင်ခြင်းမရှိဘဲ ၎င်း၏ဆန္ဒအလျောက် ပြုမူဆောင်ရွက်ပြီး ဇနီးနှင့်မိသားစုအား အဆက်အသွယ် ပြုလုပ်ခြင်း မရှိပါသဖြင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

ဒေါ်ဝင့်ဝါဝါဗိုလ်
၉/မထလ(နိုင်)၂၂၈၉၂၆

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်ဖြူဖြူခိုင် ၁၀/ကထန(နိုင်)၀၅၉၃၇၃နှင့် ဦးကျော်တင့် ၃/ဘအန(နိုင်) ၂၃၅၂၉၀တို့သည် သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ဆက်လက်ပေါင်းသင်းရန်မဖြစ်နိုင်သောကြောင့် (၆-၁၀-၂၀၂၀) ရက်တွင် ကျိုက်ထိုတရားရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ဦးကျော်တင့်နှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေး ကိစ္စအရှုပ်အရှင်းများ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည် မရှိတော့ပါကြောင်းနှင့် ဒေါ်ဖြူဖြူခိုင်၏ နာမည်ကို ဦးကျော်တင့်ဘက်မှ အလွဲသုံးစားပြုလုပ်ဆောင်ရွက်ခြင်းများ ဆက်လက်လုပ်ဆောင်နေပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ကို အများသိစေရန် ကြေညာအပ်ပါသည်။

**ခိုင်သစ္စာဆောက်လုပ်ရေးပစ္စည်းဆိုင်၊ ဗိုလ်ချုပ်လမ်း၊ ဖက္ကလိပ်ကျေးရွာ၊ ကျိုက်ထိုမြို့ ဒေါ်ဖြူဖြူခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်စိုးဝေ(LL.B,LL.M) အထက်တန်းရှေ့နေ(စဉ်-၅၃၆၂၇)**
**အမှတ် (၆၇၂)၊ ရွာမအနောက်ရပ်ကွက်၊ မင်းစေတီလမ်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၂၆၈၃၀၈၂၅၇၊ ၀၉-၅၀၇၉၇၂၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/3679, Toyota Hilux Revo KUN 126L ယာဉ်လက်ဝယ်ရှိသူ ဒေါ်မူဖဲလာရီ ၁၃/ဖခန(နိုင်)၀၃၀၈၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/84811, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသော်တာစိုး ၃/ဘအန(နိုင်)၃၆၂၀၉၇က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 83W/81825, Feiling-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၁၄/ပသန(နိုင်)၃၅၆၉၈၉က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/17519, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲဇော်ဦး ၁၄/မမန(နိုင်)၂၃၇၂၃၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## မှတ်ပုံတင်နှင့် မွေးသက္ကရာဇ်အမှန်

မြင်းခြံမြို့နယ်၊ လှိုင်းတက်(တ) အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြ ဒေါ်အေးအေးသန်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြား နံပါတ်မှာ ၉/မခန(နိုင်)၃၅၁၈၀၇ နှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၆-၁၂-၁၉၆၅ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မလှိုင်မြို့နယ်၊ ဖျောက်ဆိပ်ကုန်းကျေးရွာနေ မောင်ရဲစိုးစိုး စမ-၄၅၀ (အဝသ)၉/မလန(နိုင်)၂၀၅၂၈၀ ၏ ဖခင်အမည် ဦးကျောက်ခဲ (ခ) ဦးသိန်းအောင် ၉/မလန(နိုင်) ၂၀၅၂၈၈သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျောက်ခဲ(ခ)ဦးသိန်းအောင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/မြောက်)ရပ်ကွက်၊ မြို့မ (၁၃) လမ်း၊ အမှတ် (၉၉/ဒီ)၊ အခန်းအမှတ်-(ဒုတိယထပ်)၊ (၃-လွှာ)တိုက်ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ကျော် (၁၄/ဟသတ (နိုင်) ၀၀၃၅၂၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြမိုးနိုင်(၁၁/ကဖန(နိုင်) ၀၇၃၂၈၇)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုခိုင် (LL.B)၊ ဒေါ်ခင်စောသိန်း (LL.B)၊ ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M)**
**(စဉ်-၁၁၅၅၃) (စဉ်-၁၃၂၈၆) (စဉ်-၅၆၈၈၇)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**
**တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း (၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉ ၄၄၃၀၂၆၁၉၉၊ ၀၉ ၇၃၀၂၆၁၉၉**

## အများသိစေရန်ကြေညာခြင်း

ဒေါ်အေးမြတ်မွန်(ခ)အေးမြတ်သင်း(၁၂/ဥကတ(နိုင်)၁၅၂၆၆၈)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးအောင်ကျော်လင်း( ၁၂/ဥကတ(နိုင်)၁၆၅၄၀၇)နှင့် ဒေါ်အေးမြတ်မွန်(ခ) အေးမြတ်သင်း(၁၂/ဥကတ(နိုင်)၁၅၂၆၆၈) တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ( ၁၅-၂-၂၀၁၃) ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သမီး (၂)ဦးထွန်းကားခဲ့ကြပါသည်။

ထို့နောက်ပိုင်း (၂-၁၁-၂၀၂၃)ရက်တွင် ဦးအောင်ကျော်လင်းနှင့် ဒေါ်အေးမြတ်မွန်(ခ)အေးမြတ်သင်းတို့သည် အကြောင်းအမျိုးမျိုးကြောင့် တောင်ဥက္ကလာပမြို့နယ် တရားရုံးတွင် ကွာရှင်းစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ ထိုသို့ ကွာရှင်းစာချုပ်ချုပ်ဆိုခဲ့သော်လည်း တစ်ဦးနှင့်တစ်ဦး အမှန်တကယ် ကွာရှင်းပြတ်စဲကြရန် ဆန္ဒမရှိခဲ့ကြသဖြင့် အဆိုပါ(၂- ၁၁ -၂၀၂၃)ရက်တွင်ပင် လင်မယားအဖြစ်အတူဆက်လက်ပေါင်းသင်း နေထိုင်ခဲ့ကြပါသည်။ ဦးအောင်ကျော်လင်းနှင့် ဒေါ်အေးမြတ်မွန်(ခ) အေးမြတ်သင်းတို့သည် ယနေ့အချိန်အထိ လင်မယားအဖြစ် လူသိရှင်ကြား ပေါင်းသင်းနေထိုင်ခဲ့ကြသဖြင့် ၎င်းတို့နှစ်ဦးသည် တရားဝင်လင်မယားအဖြစ်သာ ဆက်လက်တည်ရှိနေကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-ဒေါ်အေးမြတ်မွန်(ခ)အေးမြတ်သင်း(၁၂/ဥကတ(နိုင်)၁၅၂၆၆၈)**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချစ်ချစ်စံ (LL.B) ဦးစန်းမင်းဦး (LL.B) ဒေါ်ခိုင်စုဝေ(ခ)**
**စဉ် - ၁၇၀၇၁ စဉ် - ၁၉၅၄၀ ဒေါ်ငုဝါဝါလွင်(LL.B) စဉ်-၁၉၅၃၉**
**(တရားလွှတ်တော်ရှေ့နေများ)**
**တိုက်အမှတ် - (B5)၊ အခန်း (201)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃) ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Ph - 09-258001797**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၅၈၊ မြေကွက်တည်နေရာအမှတ်-၅၈၊ ပန်းဝါလမ်း၊ (၁၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (ဦးခင်မောင်သောင်း) (TVY- ၀၆၅၇၂၃) အမည်ပေါက်၊ ဧရိယာ (၀.၀၆၂) ဧက၊ နှစ် (၆၀) မြေငှားဂရန်မြေအား၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံးတွင် တရားမကြီးမှု အမှတ်(၃၇/၂၀၂၅) ဖြင့် ဒေါ်ဖြူဖြူဝင်း (၉/ပကခ(နိုင်)၀၀၅၅၄၆)မှ (တရားလို)ပြုလုပ်၍ အမည်ပေါက် ဦးခင်မောင်သောင်း အား(တရားပြိုင်)ထားကာ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသည့် (၂၈-၁၀-၂၀၂၅) ရက်စွဲပါစီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၄၆/၂၀၂၅)(၃-၁၂-၂၀၂၅)ရက်စွဲပါ အမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရုံး(ကိုယ်စား) အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန် ဒေါ်မြင့်မြင့်ကြည် (၁၂/ဒပန(နိုင်) ၀၂၈၃၄၂)အား ဘီလစ်ခန့်အပ်ထားကြောင်း (၁၅-၁၂-၂၀၂၅) ရက်စွဲပါအကြောင်းကြားစာ၊ နှစ် (၆၀) ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဘီလစ် ဒေါ်မြင့်မြင့်ကြည်မှ အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင်တစ်ထပ်တိုက်အဆောက်အအုံရှိပြီး တရားနိုင် ဒေါ်ဖြူဖြူဝင်းကိုယ်တိုင် နေထိုင်ပါသည်။ ကွင်းဆင်းသိရှိကြောင်း၊ ဒေါ်ဖြူဖြူဝင်းမှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဘီလစ်ဒေါ်မြင့်မြင့်ကြည်မှ အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ စက်သစ်ရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(၅၄)နေ ဦးအေးပိုင် ၁၀/သဖရ(နိုင်)၁၁၃၀၀၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မွန်ပြည်နယ်၊သံဖြူဇရပ်မြို့၊ စက်သစ်ရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(၅၄)နေ ဦးအေးပိုင် ၁၀/သဖရ(နိုင်)၁၁၃၀၀၂)နှင့် ဇနီးဖြစ်သူတို့ တရားဝင်ကွာရှင်းပြတ်စဲပြီးနောက် သမီးဖြစ်သူ မကေသွယ်အေး ၁၀/သဖရ(နိုင်) ၁၅၅၆၂၄) သည် ဖခင်ဖြစ်သူနှင့်အတူ နေထိုင်လာရာမှ ဖခင်၏ ဆိုဆုံးမမှုကိုမနာခံဘဲ ဖခင်ဖြစ်သူနေအိမ်တွင်မရှိခိုက် နေအိမ်မှ တန်ဖိုးရှိ လက်ဝတ်ရတနာများ ငွေကြေးများနှင့် အိမ်တွင်းပစ္စည်းများယူဆောင်ပြီး ထွက်သွားပါသဖြင့် ဤကြေညာသည့်ရက်မှစ၍ သမီးအဖြစ်မှအပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချောစုလတ် (စဉ်-၇၉၀၀) တရားလွှတ်တော်ရှေ့နေ**
**မ-၇၊ အောင်ဆန်းလမ်း၊ ကြံ့ခိုင်ရေးရပ်ကွက်၊ သံဖြူဇရပ်မြို့၊**
**(ဖုန်း-၀၉-၄၂၅၂၆၉၈၁၈)**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ ၎င်းတို့ပိုင်ဆိုင်ကြောင်း အထောက်အထားများဖော်ပြ၍ မြေငှားဂရန်လျှောက်ထားလာမှုများနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေနေရာ | | | | |
|---|---|---|---|---|---|---|
| | | မြို့နယ် | ရပ်ကွက်/ ကျေးရွာအုပ်စု | အကွက်/ကွင်းအမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) |
| ၁ | ဦးသက်ထွန်း | ပျော်ဘွယ် | ပြည်သာယာ | ၁၃/၁။ပြည်သာယာ | ၂၂/၆၈ အတွင်းမှ | ၀.၀၈၆ |
| ၂ | ဒေါ်ဟန်စုယဉ်၊ ဦးဗိုလ်မင်းဟန် | ပျော်ဘွယ် | ရွှေပြည်ရန်အောင် | ၃၂။ရွှေပြည်ရန်အောင် | ၁၅၉[က] | ၀.၀၈၆ |
| ၃ | ဦးအောင်စိုးမိုး | ပျော်ဘွယ် | ပြည်သာယာ | ၁၃/၁။ပြည်သာယာ | ၁၉/၈ | ၀.၀၈၆ |
| ၄ | ဦးလင်းလင်း | ပျော်ဘွယ် | ကန်သာ | ၁၉၀။ကုလားရွာ | ၂၁/၇ | ၀.၀၃၀ |
| ၅ | ဦးဝင်းငွေ | ပျော်ဘွယ် | ဒဟတ်ကုန်း | ၃၃၈။ဇီးကွဲ | ၉၄/၁၈၆/၈ | ၀.၀၃၀ |
| ၆ | ဦးဝင်းငွေ | ပျော်ဘွယ် | ဒဟတ်ကုန်း | ၃၃၈။ဇီးကွဲ | ၉၄/၁၈၆/၅ | ၀.၀၅၀ |
| ၇ | ဒေါ်သီရိစန္ဒာစိုး | ရမည်းသင်း | လက်ပံကုန်း | ၁၁၉၄။လက်ပံကုန်း | ၄၃/၃ | ၀.၂၃၀ |
| ၈ | ဒေါ်သီရိစန္ဒာစိုး | ရမည်းသင်း | လက်ပံကုန်း | ၁၁၉၄။လက်ပံကုန်း | ၄၄က၁၊ ၄၃/၂ | ၀.၇၅၀ |
| ၉ | ဦးထွန်းမြင့်အောင်၊ ဒေါ်စန်းစန်းအောင် | ရမည်းသင်း | ရွှေစည်းခုံ | ၆။ပျဉ်တပ်အနောက် | ၂၉[ည] | ၀.၁၄၅ |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရမည်းသင်းမြို့**

## အများသိစေရန်ကြေညာချက်

မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၌ ဥက္ကဋ္ဌရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် ဆရာ ဦးသန်းစိုး (ခ)အလ်ဟာဂျ်မောင်လာနာ ဟာဖိဇ် ကာရီ မုဟမ္မဒ် ဟစန်း (၁၂/ဒပန(နိုင်) ၀၆၈၅၇၇) သည် (၆-၄-၂၀၂၆)ရက်စွဲပါ "ဥက္ကဋ္ဌ ရာထူးမှနုတ်ထွက်ခြင်း၊ အသိပေးအကြောင်းကြားစာ" အရ ၎င်းကိုယ်တိုင် နုတ်ထွက်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ၎င်းနှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များအား ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် လူမှုရေးကိစ္စရပ်များ၊ ဘာသာရေးကိစ္စရပ်များနှင့် အခြားသော ကိစ္စရပ်များအားလုံး မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)နှင့် ပတ်သက်ဆက်နွှယ်မှုမရှိကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် မည်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့အပြင် အစ္စလာမ်ဘာသာဝင်တို့၏ ဟလာလ် ထောက်ခံချက်(Halal Certificate )၊ လူမှုရေးကိစ္စ၊ အိမ်ထောင်ရေးကိစ္စများ၊ အမွေကိစ္စရပ်များ၊ သာသနာရေးကိစ္စရပ်များနှင့် အခြားသော အမှုကိစ္စရပ်များအား ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ၅၂လမ်း၊ အမှတ်(၁၃)ရှိ (အစိုးရအသိအမှတ်ပြု - အမိန့်စာရှိ) မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)ရုံးချုပ်ရုံးခန်းတွင်သာ လာရောက်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ကြပါရန်ကို အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဦးကျော်ကျော် (ခ) ဦးခင်ထွန်း | ဦးလေးဝင်း B.A(LL.B) |
| အထွေထွေအတွင်းရေးမှူးချုပ် | အထက်တန်းရှေ့နေ(စဉ်-၅၀၄၅၄) |
| အစိုးရအသိအမှတ်ပြု အမိန့်စာရှိ | အမှတ် ၅၀၊ အခန်း ၃၊ ဘဏ်လမ်း |
| မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို) | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ဖုန်း-(၀၉-၄၅၆၆၆၂၂၂၆) | ဖုန်း-(၀၉-၇၉၅၆၁၀၆၁၃) |

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ လက်ပန်ကျေးရွာနေ ကျွန်တော် ဦးမြတ်သောင်း ၇/ဝမန(နိုင်)၁၄၉၄၅၄- ကျွန်မ ဒေါ်လှဲ့လှဲ့ လွင် ၇/ဝမန(နိုင်) ၁၅၃၉၈၂ တို့၏ သားမောင်ချမ်းမြေ့ကို ၇/ဝမန(နိုင်)၂၁၆၁၃၂သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသောကြောင့် ယခုကြော်ငြာပါသည့်ရက်မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးမြတ်သောင်း-ဒေါ်လှဲ့လှဲ့လွင်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၁/၄၊ သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ် (၈ လမ်း-၁၀၈)၊ ဧရိယာ(၀.၀၄၃)ဧကရှိ မြေအား ဒေါ်ခင်စန်းငွေအမည်ဖြင့် မြေငှားစာချုပ် (အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၉-၄-၂၀၂၆)ရက်မှစ၍ (၁၅) ရက်အတွင်း. ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက် မြန်မာပြည်မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်**
**အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ အလုံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃၂၇၊ အလုံတောင်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၆-က)၊ ဧရိယာ (၀.၂၁၅)ဧကရှိမြေအား မြို့မြေအမှုတွဲ အမှတ် ၈၂V၁၉၉၈-၁၉၉၉အရ (၁၀-၈-၁၉၉၉)မှ (၉-၈-၂၀၂၉) အထိ ဦးစံမောင်အမည်ဖြင့် နှစ် (၃၀) မြေငှားစာချုပ်ရရှိထားသောမြေအား ဒေါ်သန်းတင်၊ ဒေါ်ခင်စန်းငွေတို့အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၁၀-၄-၂၀၂၆) ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/99353,Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းသန္တာကျော် ၁၄/ကကန(နိုင်) ၁၃၅၈၉၂ က ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 76W/68372, Dayang 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေလင်းအောင် ၁၄/ပသန(နိုင်)၂၇၅၂၇၆ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများတွင် QA/ QC လုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန (ရုံးချုပ်) တွင် (၂၁-၄-၂၀၂၆) ရက်မှ (၅-၅-၂၀၂၆) ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၄-၅-၂၀၂၆) ရက်မှ (၇-၅-၂၀၂၆) ရက်အထိ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သော နေရာတွင် ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်) တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော https://dast.edu.mm/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားဦးစီးဌာန၊ နေပြည်တော်**
**တင်ဒါအမှတ်စဉ်-** DOB/Maintenance/2026-2027/NPT/001
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း(ဆောက်လုပ်ရေး) အသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများအား တင်ဒါတင် သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ-ဒလ-တွံတေးလမ်းပေါ်ရှိ တွံတေးကြိုးတံတား(၃၅၇၀ပေ) (Suspension Bridge) ၏ ကြိုးထိန်းခုံအတွင်းရှိ ကြိုးများအားပြုပြင်ရန် (Suspension Bridge ပြုပြင်ခြင်း အတွေ့အကြုံရှိသည့် ကုမ္ပဏီများ) မှ လိုအပ်သော Design Drawing၊ Design Calculation၊ ပြုပြင်ရမည့် နည်းလမ်း အဆင့်ဆင့် နှင့် တံတား ပြုပြင်ခြင်းလုပ်ငန်း

(ခ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သောတံတားများ ပြန်လည်ပြုပြင်နိုင်ရန်အတွက် တရုတ်နိုင်ငံမှ ထုတ်လုပ်သော C-200 အမျိုးအစား သုံးလွှာတစ်ထပ်နှစ်လမ်းသွား ဘေလီနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်း

၂။ **တင်ဒါပုံစံများ ရောင်းချမည့်ရက်** - (၂၈-၄-၂၀၂၆)ရက်မှ(၁၂-၅-၂၀၂၆) ရက်အထိ(ရုံးချိန်အတွင်း)

၃။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် (နည်းပညာနှင့်ဈေးနှုန်း)** - (၂၂-၅-၂၀၂၆ )ရက်၊ (၁၅:၀၀)နာရီ

၄။ **နည်းပညာအောင်မြင်ကြောင်း ကြေညာမည့်ရက်** - (၂၆-၅-၂၀၂၆)ရက်

၅။ **တင်ဒါဖွင့်ပွဲ ကျင်းပမည့် နေ့ရက်/အချိန်** - (၂၉-၅-၂၀၂၆)ရက်၊ (၁၃:၀၀)နာရီ

၆။ **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတား ဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊နေပြည်တော်

၇။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားပြုပြင်ထိန်းသိမ်းရေး ဌာနခွဲ၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်၊ ဖုန်းနံပါတ်၊ ၀၆၇-၃၄၀၇၇၄၇ သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

၈။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၉၁၇၀၄, Honda Click-125,M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်အိဖြူ ၆/လလန(နိုင်)၁၀၆၈၉၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

